# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇူလိုင် ၂၆ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၉၄)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စတင်တာဝန်ထမ်းဆောင်သော အိန္ဒိယသမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၂၅**

၂၀၀၇ ခုနှစ် ဇူလိုင် ၂၅ ရက်တွင် အိန္ဒိယသမ္မတနိုင်ငံ၏ သမ္မတအဖြစ် စတင်တာဝန်ထမ်းဆောင်သော မစ္စစ်ပရာတီဘာပတေးလ်ထံသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်လ်ဒိုက်ဗ်နိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၂၆**

၂၀၀၇ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ကျရောက်သော မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ၏ (၄၂)နှစ်မြောက် နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ သမ္မတ မစ္စတာမာမွန်း၊ အဗ္ဗဒူလ်ဂါယွန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ဆွေးနွေးမှာကြား

**အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်အစည်းအဝေး(၅/၂၀၀၇)တွင် ဆွေးနွေးမှာကြားစဉ်။** (သတင်းစဉ်)





# အခန်းခေါင်းစဉ်များအပေါ် အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များက အကြံပြုဆွေးနွေးတင်ပြခဲ့

# သက်ဆိုင်ရာအခန်းများတွင် အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အစုအဖွဲ့အားလုံး၏ သဘောထားရယူရမည်

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ထွန်းလာရေး ပြည်သူအားလုံးတို့က အထူးမျှော်လင့်တောင့်တ

# ညီလာခံကြီးကို သေးသိမ်ပျက်ပြားစေရန် ပြည်တွင်းပြည်ပ အဆိုးမြင်ဝါဒီများ လုပ်ဆောင်ကြိုးပမ်းနေ

# ညီလာခံလုပ်ငန်းတာဝန်များ အောင်အောင်မြင်မြင် ပြီးမြောက်စေရေး လုံ့လဝီရိယထား ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၂၅**

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်အစည်းအဝေး(၅/၂၀၀၇)ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း အနော်ရထာရိပ်သာရှိ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

**တက်ရောက်**

အဆိုပါအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော တရားသူကြီးချုပ် ဦးအောင်တိုးနှင့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ●

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

## အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇူလိုင် ၂၆ ရက်)

# စက်မှုဇုန်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်မြှင့် ထုတ်ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်ရေးကြိုးပမ်း

နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးပါလှသည်။

နိုင်ငံတော်က ပြန့်ကျဲနေသော စက်မှုလုပ်ငန်းများ တစုတဝေးတည်း ဖြစ်စေရန်နှင့် ထုတ်လုပ်မှု အရှိန်အဟုန်ကောင်းလာစေရန် စက်မှုဇုန်များကို တည်ထောင်ပေးခဲ့သည်။ ယခင်က စက်မှုလုပ်ငန်းများ ရန်ကုန်နှင့်မန္တလေးကဲ့သို့ မြို့ကြီးများ၌သာ အများဆုံးရှိခဲ့ပြီး ယခုအခါ နိုင်ငံအနှံ့ဖြစ်ထွန်းနေပြီ ဖြစ်သည်။

ပြည်မြို့ နဝဒေးရပ်ကွက်၌ ပြည်စက်မှုဇုန်သစ်ကို ဇူလိုင် ၁၃ရက်က ဖွင့်လှစ်ခဲ့သည်။ ပြည်စက်မှုဇုန်မှ မော်တော်ယာဉ်ပစ္စည်းအစိတ်အပိုင်းများ၊ ရေစီးအားသုံး ရေတင်စက်၊ ကြက်ဆူဆီ ကြိတ်စက်၊ စပါးခွဲခတ်ငွေ့သုံး အင်ဂျင်စက်တို့ကို ထုတ်လုပ်လျက်ရှိသည်။

ယခုအခါ အဆိုပါစက်မှုဇုန်မှ ပြည်ပသွင်းကုန်အစားထိုး စက်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်သကဲ့သို့ စက်မှုဇုန်ထုတ်ဂျစ်ကားများ၊ Light Truck တစ်တန် မော်တော်ယာဉ်များကိုပါ အဆင့်မြှင့်ထုတ်လုပ်လျက်ရှိသည်။

ထို့အပြင် လယ်ယာသုံးစက်ကိရိယာများနှင့် အခြားစက်မှုလုပ်ငန်းသုံး ပစ္စည်းအမျိုးမျိုးကိုလည်း တီထွင်ထုတ်လုပ်လျက် ရှိသည်။ စက်မှုဇုန်များ ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး လုပ်ငန်းများ စဉ်ဆက်မပြတ် လည်ပတ်နိုင်မှသာလျှင် ဒေသ၏စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

သို့ဖြစ်ရာ စက်မှုဇုန်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့် အကောင်အထည်ဖော် လည်ပတ်နိုင်ရေး၊ စက်မှုဇုန်ထုတ်ပစ္စည်းများ အရည်အသွေး ပိုမိုကောင်းမွန်လာစေရေးတို့အတွက် တာဝန်ရှိသူ အဆင့်ဆင့်က ပူးပေါင်းကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာ ကျောင်း (မူလ ကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် နှစ်ဖက်သော မိဘများအား ရည်စူး၍



ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြောင်းမြလမ်း အမှတ် ၄၈နေ ဦးသန်းငွေအောင်-ဒေါ်ယမင်းသီနှင့် သားမောင်မြတ်ကောင်း၊ မောင်မြတ်ခန့်မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ပြည်တော်သာ အရှင်စန္ဒန(မ္မောစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

## မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

## ဗင်နီဇွဲလားနှင့် ဘီလာရုစ် ဒေါ်လာတစ်ဘီလီယံဖိုး စာချုပ်ချုပ်

**မော်စကို ဇူလိုင် ၂၅**

အမေရိကန်ဒေါ်လာ တစ်ဘီလီယံခန့်ရှိသော စစ်ဘက်နှင့် စက်မှုလုပ်ငန်းများဆိုင်ရာ သဘောတူညီချက်စာချုပ်တစ်ရပ်ကို ဗင်နီဇွဲလားနှင့် ဘီလာရုစ်နိုင်ငံတို့က ဇူလိုင် ၂၃ရက်၌ သဘောတူလက်မှတ် ရေးထိုးကြမည်ဖြစ်သည်။

အဆိုပါ သဘောတူညီချက်စာချုပ်ကို ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်ကလည်း ခွင့်ပြုခဲ့ကြောင်း ဘီလာရုစ်လုံခြုံရေးကောင်စီမှ အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

ထိုသဘောတူညီချက်ကို ယခု ဇူလိုင်လကုန်တွင် နှစ်နိုင်ငံတို့က လက်မှတ်ရေးထိုးကြမည်ဖြစ်သည်။ ဘီလာရုစ်သမ္မတ အလက်ဇန္ဒားလူကတ်ရှန်ကိုအနေဖြင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဖြစ်ထွန်းအောင် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

## မြို့တ်အသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

**ရန်ကုန် ဇူလိုင် ၂၅**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် လှည်းတန်းလမ်း အမှတ် ၆၈ မြို့တ်အသင်းတိုက်၌ ရန်ကုန်မြို့ပေါ်ရှိ မြို့တ်ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များအား ဇူလိုင် ၂၈ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲ ကျင်းပမည်ဖြစ်ပါ၍ မြို့တ်သူမြို့တ်သားများ ကြွရောက်ကြပါရန်နှင့် ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ပါဝင်လှူဒါန်းလိုသူများသည် မြို့တ်အသင်း ဖုန်း-၂၂၄၃၄၀၊ ၂၁၂၈၂၄တွင် ကြိုတင်၍လည်းကောင်း၊ အခမ်းအနားနေ့တွင်လည်းကောင်း လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



တရုတ်နိုင်ငံ ဟေဘေး ပြည်နယ် ရှင်ကျင့်မြို့၌ လေး လ အရွယ် ရင် ချင်း ဆက် အမြွှာ ညီအစ်မအား မခွဲစိတ်မီ ဟေဘေး ဆေးတက္ကသိုလ် ဆေးရုံ၌ ဇူလိုင် ၂၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## လေးလအရွယ် ရင်ချင်းဆက်အမြွှာ မိန်းကလေးငယ်နှစ်ဦး တရုတ်ဆရာဝန်များ အောင်မြင်စွာ ခွဲစိတ်နိုင်

ရှင်ကျင့် ဇူလိုင် ၂၅

**လေးလသားအရွယ် ရင်ချင်းဆက် အမြွှာမိန်းကလေးငယ်နှစ်ဦးအား တရုတ်ဆရာဝန်များက ဇူလိုင် ၂၂ရက်၌ အောင်မြင်စွာခွဲစိတ်ပေးခဲ့ရာ ၎င်းကလေးငယ်နှစ်ဦးစလုံး ကျန်းမာရေးအခြေအနေ ကောင်းမွန်လျက်ရှိကြောင်း မီဒီယာများက ဖော်ပြသည်။**

ခွဲစိတ်ကုသမှုကို ဇူလိုင် ၂၂ရက် နံနက် ၉နာရီ မိနစ် ၄၀မှ ည ၉နာရီအထိ ကြာမြင့်အောင်ခွဲစိတ်ကုသမှုပေးခဲ့ရသည်။

### ကုသမှုပေး

အမြွှာညီအစ်မ နှစ်ဦးတို့၏ အသည်းကို သီးခြားစီခွဲစိတ်ပေးခဲ့သလို နှလုံးအနေအထားကောင်းမွန်အောင်လည်း ကုသမှုပေးခဲ့သည်။ ထို့အပြင် ရင်ညွှန့်ရိုးများကိုလည်း ပြန်လည်ကောင်းမွန်အောင် ခွဲစိတ်ကုသပေးခဲ့သည်။

ခွဲစိတ်ပြီး ၇၂နာရီကြာသည်အထိ စိုးရိမ်ရသည့် အခြေအနေအဖြစ် စောင့်ကြည့် ပြုစုပေးနေရဆဲဖြစ်သည်။

### အခြေအနေကောင်းမွန်

သို့သော်လည်း အခြေအနေကောင်းမွန်ကြောင်း ဟေဘေးဆေးတက္ကသိုလ်မှ ညွှန်ကြားရေးမှူး လီယန်မင်က ပြောကြားသည်။ အမြွှာ မိန်းကလေးများမှာ အသည်း၊ နှလုံး၊ ရင်ပိုင်းနှင့် ရင်ညွှန့်ရိုးများပါ ဆက်နေခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

## မြဝတီရုပ်မြင်သံကြား

**၂၆-၇-၂၀၀၇ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | လက်စွမ်းပြပဟန်ဂီတသံ |
| ၄း၁၅ | ၄။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄း၃၅ | ၅။ | နားဝင်ငြိမ့်စီးသီချင်းကြီး |
| ၄း၅၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅း၂၅ | ၇။ | မြန်မာသံစဉ်ချိုနားဝင် |
| ၅း၃၀ | ၈။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၅း၃၅ | ၉။ | ရွှင်ကြည်ပြုံးစရာတေးကဗျာ |
| ၅း၄၀ | ၁၀။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၁၁။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၂။ | နိုင်ငံတကာသတင်း |
| ၆း၂၅ | ၁၃။ | လျှပ်တစ်ပြက် |
| ၆း၅၀ | ၁၄။ | လှုပ်လှုပ်ရှားရှားပုံရိပ်များ |
| ၇း၀၀ | ၁၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြင်မြင်ချင်းပဲကွယ်** (အပိုင်း-၁၆) |
| ၈း၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | မိုးလေဝသသတင်း |
| | ၁၈။ | အမျိုးသားရေးတေးကဗျာ |
| | ၁၉။ | ကုန်သွယ်သုတ |
| | ၂၀။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၁။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သေကာံမရောက်** (အပိုင်း-၉) |

## ဘရာဇီးအနောက်ပိုင်း၌ အင်အားပြင်းငလျင်လှုပ်

**ဘရာဆီးလီးယား ဇူလိုင် ၂၅**

ဘရာဇီးနိုင်ငံအနောက်ပိုင်း၌ ဇူလိုင်၂၁ရက်က ရစ်ချ်တာစကေး ၆ဒသမ၁ အဆင့်ရှိ အင်အားပြင်းငလျင် လှုပ်သွားခဲ့ကြောင်း၊ သို့ရာတွင် ပျက်စီးဆုံးရှုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုမဖြစ်ခဲ့ကြောင်း အမေရိကန်နိုင်ငံ ဘူမိဗေဒဌာနက ပြောကြားသည်။

### ဗဟိုပြု

ယင်းဖြစ်ပွားမှုသည် အမေဇုန် ပြည်နယ်အနောက်ပိုင်းတွင် ၎င်းနေ့ နံနက် ၉နာရီ ၂၇မိနစ်က မြေအောက် ၆၃၂ကီလိုမီတာကို ဗဟိုပြု၍ လှုပ်သွားကြောင်း အဆိုပါဌာနက ဆက်လက်ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

● **ရှေ့ဖုံးမှ**

အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

## ဖတ်ကြားတင်ပြခဲ့

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် နောက်ဆုံးအကြိမ်ကျင်းပခြင်းဖြစ်သည့်အမျိုးသားညီလာခံကို ၂၀၀၇ ခုနှစ် ဇူလိုင် ၁၈ရက်မှ စတင်ခဲ့ရာ ယခုအခါရက်သတ္တတစ်ပတ်ကျော်ကာလအတွင်းသို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ ပြီးခဲ့သည့် ၂၀၀၆ခုနှစ်နှစ်ကုန်ပိုင်းတွင် ကျင်းပခဲ့သည့် အမျိုးသားစုံညီအစည်းအဝေးများသို့ ဖတ်ကြားတင်ပြခဲ့ကြောင်း။

## ကောင်းမွန်သင့်လျော်

အထက်တွင် မိမိပြောကြားခဲ့သည့် အခန်းခေါင်းစဉ်များအပေါ် အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက အကြံပြုဆွေးနွေးတင်ပြခဲ့ကြရာ၌ အချို့အကြံပြုတင်ပြချက်များသည်အမျိုးသားညီလာခံ၏ ဦးတည်ချက် (၆)ရပ်နှင့် ချမှတ်ပြီးသည့် အခြေခံရမည့်မူများအတွင်းက တင်ပြခဲ့ကြသော အကြံပြုတင်ပြချက်များဖြစ်ပြီး ကောင်းမွန်သင့်လျော်၍ အလေးအနက်ထား စဉ်းစားသင့်သည့်အကြံပြုချက်များဖြစ်ကြောင်းကို အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီကတွေ့ရှိခဲ့ရကြောင်း။

## သဘောထားရယူ

အဆိုပါ အကြံပြုချက်များကို သက်ဆိုင်ရာ အခန်းများတွင် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ထည့်သွင်းချမှတ်နိုင်ရန် ကိုယ်စားလှယ်အစုအဖွဲ့များအားလုံး၏ သဘောထားကို ရယူရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ယင်းသို့အကြံပြုချက်များနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက အမျိုးသားညီလာခံ သဘာပတိအဖွဲ့များမှတစ်ဆင့် ကိုယ်စားလှယ်အစုအဖွဲ့များ၏ သဘောထားကို ရယူရန်ရှိမည် ဖြစ်ကြောင်း။

ညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များက ယင်းတို့၏ သဘောထားကို သဘာပတိအဖွဲ့များမှတစ်ဆင့်အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီသို့ ပြန်လည်တင်ပြသည့်အခါ အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအနေဖြင့် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်သို့ တင်ပြဆောင်ရွက်သွားရန်ရှိကြောင်း။

## ဝိုင်းဝန်းကြိုးပမ်း

ယခုနောက်ဆုံးကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံ၌ အခြားဆောင်ရွက်ရန် လုပ်ငန်းများကိုလည်း အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ၊ သဘာပတိအဖွဲ့ဝင်များနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်များအားလုံးက အောင်အောင်မြင်မြင် ပြီးမြောက်အောင် ဆောင်ရွက်ရန် တာဝန်ကိုယ်စီရှိနေကြကြောင်း၊ သို့ဖြစ်ရာ အဆိုပါပုဂ္ဂိုလ်များအနေဖြင့် မိမိတို့၏ တာဝန်များကို အားသွန်ခွန်စိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် အထူးလိုအပ်ကြောင်း။

ယခုကျင်းပလျက်ရှိသည့်အမျိုးသားညီလာခံကြီးကို သေးသိမ်စေရန်၊ ပျက်ပြားစေရန်အတွက် ပြည်တွင်းပြည်ပ အဆိုးမြင်ဝါဒီများ၊ အဖျက်သမားများကလုပ်ဆောင်ကြိုးပမ်းလျက်ရှိသည်ကို တွေ့ရှိနေရကြောင်း၊ သို့ရာတွင် အဖျက်သမားများမှာ လူနည်းစုသာဖြစ်ပြီး ပြည်သူပြည်သား အားလုံးတို့ကမူ ညီလာခံကြီး အောင်မြင်စွာပြီးစီး၍ ညီလာခံကချမှတ်သည့် အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ရေးသားပြုစုသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေပေါ်ထွန်းလာရေးကိုအထူးမျှော်လင့်လိုလားတောင့်တကြလျက်ရှိကြောင်း။

## ဖြည့်ဆည်းဆောင်ရွက်

ထို့ကြောင့် တာဝန်ရှိသူများ အနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို အောင်အောင်မြင်မြင် ပြီးမြောက်စေရေးအတွက် လုံ့လဝီရိယထား၍ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းနှင့် အမျိုးသား ညီလာခံကြီးကျင်းပနေစဉ်အတွင်း အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ နေထိုင်ရေး၊ စားသောက်ရေး၊ သွားလာရေး၊ ကျန်းမာပျော်ရွှင်ရေး၊ လုံခြုံရေး စသည့် ကိစ္စအဝဝတို့ကို အစွမ်းကုန်ကြိုးစား ဖြည့်ဆည်းဆောင်ရွက်ပေးသွားကြရန်ဖြစ်ကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံကျင်းပခြင်းနှင့်စပ်လျဉ်းသည့် မှတ်တမ်းမှတ်ရာများ ပြုစုရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ အမျိုးသားညီလာခံ သမိုင်းပြုစုရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကိုယ်စားလှယ်များ၏ အုပ်ချုပ်မှုကိစ္စများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် အမျိုးသားညီလာခံကို ဂုဏ်ပြုကြိုဆိုသည့်အနေဖြင့် အမျိုးသားညီလာခံကိုယ်စားလှယ်များနှင့် ပြင်ပအလှူရှင်များက အလှူငွေနှင့်ပစ္စည်းများပေးအပ်လှူဒါန်းသည့် အခမ်းအနားကျင်းပမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက ပြီးခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် ကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းခဲ့သည့် အခန်းခေါင်းစဉ် (၇)ခုနှင့် စပ်လျဉ်းသည့် ဆွေးနွေးချက်စာတမ်းများပါ အကြံပြုချက်များတွင် ကိုယ်စားလှယ်အစုအဖွဲ့အလိုက်သော်လည်းကောင်း၊ ကိုယ်စားလှယ်များကသော်လည်းကောင်း တင်ပြသည့် အကြံပြုချက်များအနက် နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များ ပါရှိရာ ယင်းအကြံပြုချက်များနှင့် ပတ်သက်၍ သဘာပတိအဖွဲ့များက တစ်ဆင့် ကိုယ်စားလှယ်အစုအဖွဲ့ အားလုံး၏ သဘောထားရယူရေးအတွက်အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီက ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည့် ညီလာခံ ကိုယ်စားလှယ်များ တည်းခိုနေထိုင်ရေး၊ ကျွေးမွေးဧည့်ခံရေး၊ သက်သာချောင်ချိရေး၊ သယ်ယူပို့ဆောင်ရေး၊ ကျန်းမာရေးစသည်တို့ကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

## ဆွေးနွေးအကြံပြု

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အဖွဲ့ဝင်များက အမျိုးသားညီလာခံကြီးကို အောင်မြင်ချောမွေ့စွာ ကျင်းပပြီးစီးရေးအတွက် ဝိုင်းဝန်းဆွေးနွေး အကြံပြုတင်ပြကြသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားပြီး အစည်းအဝေးကိုနံနက် ၁၀ နာရီ၁၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# မိမိတို့၏တာဝန်များကို အားသွန်ခွန်စိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

**ယခု နောက်ဆုံးကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံ၌ အခြားဆောင်ရွက်ရန် လုပ်ငန်းများကိုလည်း အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီ၊ သဘာပတိအဖွဲ့ဝင်များနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ အားလုံးက အောင်အောင်မြင်မြင် ပြီးမြောက်အောင်ဆောင်ရွက်ရန် တာဝန်ကိုယ်စီ ရှိနေကြကြောင်း၊ သို့ဖြစ်ရာ အဆိုပါပုဂ္ဂိုလ်များအနေဖြင့် မိမိတို့၏ တာဝန်များကို အားသွန်ခွန်စိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် အထူးလိုအပ်။**

# မြတ်ဗုဒ္ဓ အဘိဓမ္မာသင်တန်းဖွင့်မည်

**ရန်ကုန် ဇူလိုင် ၂၅**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ ဥက္ကံ(၈)ရပ်ကွက်ရှိ မဟာဇိန အတုလမာရဇိန် ကြေးသွန်းဘုရားကြီး အာရုံခံတန်ဆောင်း၌ ဒုတိယအကြိမ် မြတ်ဗုဒ္ဓအဘိဓမ္မာသင်တန်းကို ၁၃၆၉ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၄ရက်မှ သီတင်းကျွတ်လပြည့်နေ့အထိ ဝါတွင်းအဖိတ်၊ ဥပုသ်နေ့တိုင်း မွန်းလွဲ ၁ နာရီမှ ၂ နာရီအထိ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ သင်တန်းတွင် တိုင်းသံဃာ့ဝန်ဆောင် ဥက္ကံဘုရားကြီးမဏ္ဍိုင်ပရိယတ္တိစာသင်တိုက် ပဓာန နာယက သာသနဓဇဓမ္မာစရိယ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတသီဟ ဆရာတော်ကိုယ်တိုင် သင်ကြားပို့ချမည်ဖြစ်ရာ ဗုဒ္ဓမြတ်စွာ၏ အဘိဓမ္မာတရားတော်များကို လာရောက်နာယူမှတ်သားပွားများနိုင်ကြောင်း နှိုးဆော်ထားသည်။ **(က–ပ)**

# ဆန္ဒမွန်

* ဖွဲ့စည်းပုံစနစ်<br>
ဥပဒေသစ်တွက်<br>
ကျစ်လျစ်ခိုင်မာ<br>
စုစည်းကာဖြင့်<br>
ညီလာခံဝယ်<br>
အနယ်နယ်မှ<br>
ကိုယ်စားလှယ်များ<br>
စိတ်ထားတူညီ<br>
ဖွဲ့ကိုယ်စီဖြင့်<br>
ညီညာအားထုတ်<br>
တကယ်လုပ်တော့<br>
အဟုတ်သေချာ<br>
ရောက်တော့မှာ၊ ဒီမိုကရေစီစခန်းသာ။

* ဒို့ပြည်အကျိုး<br>
ဆတက်တိုး၍<br>
သယ်ပိုးထမ်းရွက်<br>
ခက်လက်ဝေဖြာ<br>
ပြည်မြန်မာကို<br>
သာယာစေရန်<br>
ပေါင်းစုဟန်ဖြင့်<br>
အောင်လံလွှင့်တင်<br>
လှစေချင်သည်<br>
ပြည်ခွင်တစ်လွှားမှ<br>
ညီနောင်များ၏ ဆန္ဒမွန်။ ။

**အေးသန်း (ကြေးမုံ)**

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၆–၇–၂၀၀၇ (ကြာသပတေးနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo ယနေ့အစီအစဉ် |
| ၇း၀၅ | အာဇာနည်ရဟန်းကျော်တို့၏ ဂုဏ်ရည်တော်(၄)ရပ် သဒ္ဒန္တဂန္ထမာလာ လင်္ကာရ (မြင်းခြံဆရာတော်) |
| ၈း၀၀ | အရုဏ်ဦးမှာ ကြည်နူးဖွယ်ရာ |
| ၈း၁၅ | တေးဂီတအစီအစဉ် |
| ၈း၂၀ | ပြည်တွင်းအနုပညာရေးရာ |
| ၈း၅၀ | တေးဂီတအစီအစဉ် |
| ၈း၅၅ | ရေပျော်ငှက်တို့နားခိုရာ |
| ၉း၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၁၅ | ဂမုန်းရေလှောင်တမံ |
| ၉း၂၅ | တေးဂီတအစီအစဉ် |
| ၉း၃၀ | Yangon Panorama (မြန်မာအမျိုး သမီးများနေ့ အထိမ်းအမှတ်ပဒေသာကပွဲ) |
| ၁၀း၁၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၁၅ | တေးဂီတအစီအစဉ် |
| ၁၀း၂၀ | ငှက်ဖျားတိုက်ဖျက်ရေးအကြောင်း သိကောင်းစရာ (ပါမောက္ခ ဒေါက်တာချစ်စိုး၊ ဒေါက်တာခိုင်ခိုင်အေး) |
| ၁၀း၅၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၅၅ | **မင်းမသိသေးပါဘူးကွာ** (ဇေ၊ ငှက်ပျောကြော်၊ ကြူကြူသင်း၊ အေးအေးခိုင်) |
| ၁၁း၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၁၅ | ငြိမ့်ညောင်းသာယာရှုမဝ မြန်မာ့ဂီတ မြန်မာ့အက |
| ၁၁း၂၅ | တေးဂီတအစီအစဉ် |
| ၁၁း၃၀ | ဘိန္နကရာဇ်နွယ်ဖွားတို့၏ ကြွင်းကျန်ရစ်သော |
| ၁၁း၅၅ | တေးဂီတအစီအစဉ် |
| ၁၂း၀၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂း၀၅ | Music Talk (တေးသံရှင် လှမြင့်ဝင်းနှင့် တွေ့ဆုံခြင်း) |
| ၁၂း၄၀ | ဟင်းသီးဟင်းရွက်စိုက်ပျိုးနည်း |
| ၁၂း၅၅ | တေးဂီတအစီအစဉ် |
| ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ခြောက်နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိတစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# ဝမ်းကိုက်ရောဂါနှင့် မြန်မာ့တိုင်းရင်းဆေးပညာ

ဝင်းထိန်ကျော်
(တိုင်းရင်းဆေးပညာဦးစီးဌာန)

မြန်မာ့တိုင်းရင်းဆေးပညာမှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါးက အထူးပဲအရေးပါလှပါတယ်။ အဲဒီအထဲကမှ သတ္တလောက၊ ဩကာသလောကနဲ့ သင်္ခါရလောကဆိုတဲ့ လောကကြီးသုံးပါးစလုံးနဲ့ သက်ဆိုင်တဲ့ ဥတုရဲ့အရေးကြီးပုံလေးကို အနည်းငယ်တင်ပြချင်ပါတယ်။ ဥတုက ဘယ်လောက်အထိ အရေးပါသလဲဆိုရင် ဖြစ်မှုပျက်မှု တေဇောပြုဆိုပြီး ဥတုတေဇောဓာတ်က စကြဝဠာကြီးတစ်ခုလုံး ဖြစ်ပေါ်လာအောင်၊ ပျက်စီးသွားအောင် ဆောင်ရွက်နိုင်တဲ့အထိ အစွမ်းရှိပါတယ်။ ဒါ့ကြောင့် ဥတုရာသီအလိုက် ဖြစ်ပွားတတ်တဲ့ ရောဂါတွေကို မြန်မာ့တိုင်းရင်းဆေးပညာအမြင်နဲ့ ကာကွယ်နိုင်အောင်၊ ဖြစ်လာခဲ့ရင်လည်း ကုသနိုင်အောင် ရာသီအလိုက် ဖြစ်ပေါ်တတ်တဲ့ ရောဂါတွေနဲ့ မြန်မာ့တိုင်းရင်းဆေးပညာ သဘောသဘာဝတွေကို တင်ပြသွားမှာဖြစ်ပါတယ်။

အခုအချိန်က ဝသန္တလို့ခေါ်တဲ့ မိုးရာသီပါ။ မိုးရာသီဆိုပေမယ့် မိုးဦးပိုင်းကာလပါ။ မိုးဥတုဟာ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့ကစလို့ တန်ဆောင်မုန်းလပြည့်နေ့မှာ ကုန်ဆုံးပါတယ်။ မိုးရာသီမှာ အပူနဲ့အအေး အားပြိုင်ပြီး ဝါယောဓာတ်လို့ခေါ်တဲ့ လေဒေါသ လွန်ကဲဖောက်ပြန်လေ့ရှိပါတယ်။ ဒါ့ကြောင့် လေဖောက်ပြန်လို့ဖြစ်ရတဲ့ ဝမ်းလျှော–ဝမ်းပျက်၊ ဝမ်းကိုက်၊ အစာမကြေ၊ လေထိုးလေအောင့်နဲ့ သန်တုတ်စတဲ့ ရောဂါတွေ အဖြစ်များလေ့ရှိပါတယ်။ ဖော်ပြခဲ့တဲ့ ရောဂါတွေ မဖြစ်ပွားအောင် လေနိုင်တဲ့ ချိုချဉ်ငန်ခါး အရသာဖြစ်တဲ့ ရှောက်၊ သင်္ဘော၊ ကြက်သွန်ဖြူ၊ ကြောင်ပန်းရွက်၊ ဆားပုပ်၊ သိန္ဓော၊ ကျောက်ချဉ်၊ ဆားခါး၊ ဆင်တုံးမနွယ်၊ ကြောင်လျှာ၊ ခွေးတောက်၊ တမာတို့လို အစားအစာတွေ ဦးစားပေးစားသောက်ပေးရပါတယ်။

ဝမ်းလျှော၊ ဝမ်းပျက်ရောဂါနဲ့ ဝမ်းကိုက်ရောဂါဟာ မြန်မာနိုင်ငံသာမက ကမ္ဘာအရပ်ရပ်မှာပါ အဖြစ်များလှတဲ့ ရောဂါတွေပဲဖြစ်ပါတယ်။ ဒီအတွက် မိုးရာသီမှာ အဖြစ်များလေ့ရှိတဲ့ ဝမ်းကိုက်ရောဂါနဲ့ ပတ်သက်လို့ မြန်မာ့တိုင်းရင်းဆေးပညာအမြင်နဲ့ ရှောင်ကြဉ်ဖို့၊ လိုက်နာဖို့ သတိပြုစရာတွေကို ဦးစားပေး တင်ပြသွားမှာ ဖြစ်ပါတယ်။

**ဝမ်းကိုက်ရောဂါဟာ မြန်မာနိုင်ငံရဲ့ အဓိကရောဂါကြီးခြောက်မျိုးမှာ ပါဝင်တဲ့အတွက် ဒီရောဂါကို မဖြစ်ပွားအောင် ကာကွယ်စောင့်ရှောက်ဖို့နဲ့ ဖြစ်ပွားလာခဲ့ရင်လည်း ထိထိရောက်ရောက် ကုသမှုပေးနိုင်ဖို့ လိုအပ်ပါတယ်။ ဝမ်းကိုက်ရောဂါတို့၊ ဝမ်းလျှော၊ ဝမ်းပျက်ရောဂါတို့ဟာ ရာသီဥတုမရွေး၊ နေရာဒေသမရွေး၊ အသက်အရွယ်မရွေး ဖြစ်ပွားနိုင်ပေမယ့် အခုလို မိုးတွင်းကာလတွေမှာ ပိုလို့ အဖြစ်များလေ့ရှိတာ တွေ့ရပါတယ်။ အခုလို မိုးရာသီမှာ အသီးအနှံတွေကလည်း အလျှံပယ်ပေါများနေတော့ အသီးမှည့်တွေနဲ့အတူ ပိုးမွှားတွေကို သယ်ဆောင်လာတဲ့ ယင်တွေကလည်း ပေါများလှပါတယ်။ အသီးအနှံတွေ ပေါများလှတဲ့ ဝါဆို–ဝါခေါင် ရေတွေကြီးလို့ သပြေသီးတွေ မှည့်တဲ့အချိန်တွေမှာ ပိုးမွှားတွေ ခိုအောင်းနေတဲ့၊ မလတ်ဆတ်တဲ့ အသီးမှည့်တွေ စားသောက်ရာကတစ်ဆင့် ဝမ်းကိုက်ရောဂါဟာ ပိုမိုဖြစ်ပွားလေ့ ရှိတတ်ပါတယ်။ ဒီအတွက် အစားအသောက်သန့်၊ သောက်သုံးရေသန့်၊ တစ်ကိုယ်ရေသန့်၊ အိမ်သာသန့်၊ ပတ်ဝန်းကျင်သန့်ရှင်းဖို့ အထူးဂရုပြု လိုက်နာဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။**

တိုင်းရင်းဆေးပညာအလိုအရ ကျန်းမာကြောင်း၊ အသက်ရှည်ကြောင်းနဲ့ အနာရောဂါဖြစ်ခြင်း အကြောင်းတွေမှာ ခုနကအစမှာ ဖော်ပြခဲ့တဲ့ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါးဟာ အရေးပါသလို ရောဂါတစ်ခုကို ကုသပျောက်ကင်းခြင်းရဲ့ အကြောင်းဟာလည်းပဲ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ ဒီသမုဋ္ဌာန်လေးပါးပဲ ဖြစ်ပါတယ်။ ဘေသဇ္ဇနယလို့ခေါ်တဲ့ အာယုဗေဒဆေးပညာမှာ ကာလ၊အတ္တ၊ကမ္မဆိုတဲ့ အကြောင်းသုံးပါး မညီညွတ်ဘဲ ဖောက်ပြန်ရင် ဒေါသ၊ ဓာတ်၊ မလဆိုတဲ့ ခန္ဓာကိုယ်ကို တည်ဆောက်ဖွဲ့စည်းထားတဲ့ အုပ်စုကြီးသုံးခုရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေ မှန်ကန်မှုမရှိဘဲ ရောဂါတွေ ဝင်ရောက်လာနိုင်တယ်လို့ "စရကသံဟိတာ၊ မာဓဝနိဒါန်း၊ ဘေသဇ္ဇမဉ္ဇူသာ" အစရှိတဲ့ ဆေးကျမ်းကြီးတွေမှာ ပြဆိုထားပါတယ်။

ဝမ်းကိုက်ရောဂါနဲ့ပတ်သက်လို့ မြန်မာ့တိုင်းရင်းဆေးပညာ ဝေါဟာရအခေါ်အဝေါ်ကို အနည်းငယ်တင်ပြလိုပါသေးတယ်။ ဝမ်းကိုက်ရောဂါကို ပါဠိဘာသာနဲ့ ဂဟဏီ၊ ပဝါဟိနီလို့ခေါ်ပါတယ်။ ဂဟဏီဆိုတဲ့ ဝေါဟာရကို အဓိပ္ပာယ်သတ်မှတ်ရာမှာ ဆန့်ကျင်တဲ့ အကြောင်းများကြောင့် ဝမ်းမီးပျက်စီးမှု ဖြစ်တဲ့အတွက် ဝမ်းဗိုက်ထိုးကျင့် နာကျင်ခြင်းနဲ့ ဝမ်းအကြိမ်ကြိမ် သွားရတယ်။ သွားတဲ့ဝမ်းဟာလည်း ပုံမှန်ဝမ်းသွားသလို မဟုတ်ဘဲ နည်းနည်းပဲ အရိအရွဲနဲ့တကွ သက်ဆင်းတယ်။ တစ်ခါတစ်ရံ ခက်မာပြီး တစ်ခါတလေတော့ နူးညံ့ပျော့ပျောင်းစွာ သက်ဆင်းတယ်။ အဲဒီရောဂါကို ဂဟဏီ– ဝမ်းကိုက်ရောဂါလို့ သတ်မှတ်ခေါ်ဆိုတာ တွေ့ရပါတယ်။

ဂဟဏီ၊ ပဝါဟိနီဝမ်းကိုက်ရောဂါဖြစ်စေတဲ့ အကြောင်းတွေကို ဆက်လက်လေ့လာကြည့်ရင်–

- **အလွန်အစာကြေ ကျက်ခဲတဲ့အစာ၊ ဆန့်ကျင်ဘက်အစာ၊ ရောနှော မစားသင့်တဲ့အစာ၊ အလွန်အေးတဲ့အစာတို့ကို လွန်ကဲစွာ အကြိမ်ကြိမ် စားသောက်ခြင်း**
- **မလတ်ဆတ်တဲ့အသား၊ ငါး၊ သစ်သီးသစ်ဥများနှင့် လက်လုပ်ချဉ်စသည်တို့ကို လွန်စွာစားသုံးခြင်း**
- **ပူစပ်အရသာရှိတဲ့ မှျစ်၊ ငရုတ်သီး၊ ငရုတ်ကောင်း စသည်တို့ကို လွန်ကဲစွာစားသုံးခြင်း**
- **ရက္ခမူဆား၊ ပြာဆားစသည်တို့အား ချိန်ဆမှုမရှိဘဲ သောက်သုံး၍ သည်းခြေဒေါသ ဖောက်ပြန်ပျက်စီးခြင်း**
- **မသန့်ရှင်းတဲ့ရေ၊ မသန့်ရှင်းတဲ့ အစားအစာတို့ကို စားသောက်သုံးစွဲခြင်း**
- **ပါစကတေဇောစွမ်းရည် ကောင်းမွန်မှုမရှိသေးမီ မသင့်သောအစာများကို အလွန်အကြူး စားသောက်ခြင်း**
- **ဝမ်းမီးညီညွတ်မှုမရှိခြင်း၊ ဝမ်းမီးဖောက်ပြန်ခြင်း**
- **ပိုးတို့ကြောင့်အစာသစ်အိမ်၊ အစာဟောင်းအိမ်နှင့် သည်းခြေဒေါသအား ဖျက်ဆီးခြင်း စတဲ့အကြောင်းတွေကြောင့် ဒီရောဂါဖြစ်ရတယ်လို့ ကျမ်းဂန်တွေမှာ ပြဆိုထားပါတယ်။ အနောက်တိုင်းဆေးပညာမှာ ဝမ်းကိုက်ရောဂါဟာ ကပ်ပါးပိုးအမီးဗားကြောင့်သော်လည်းကောင်း၊ ဘက်တီးရီးယားပိုး (ရှီဂဲလား)ကြောင့် သော်လည်းကောင်း ဖြစ်ရတယ်လို့ဆိုပါတယ်။**

ဝမ်းကိုက်ရောဂါမဖြစ်ခင် တင်ကြိုပြီးဖြစ်တတ်တဲ့ ပုဗ္ဗရုပ်ခေါ် ရှေ့ပြေးလက္ခဏာများကတော့–

- **စားလိုက်တဲ့အစာများ ကောင်းစွာမကြေကျက်ခြင်း၊ ရေအလွန်ငတ်ခြင်း၊ ပျင်းရိလေးလံခြင်း၊ အားအင်ကုန်ခန်းခြင်း၊ ကိုယ်လက်လေးလံ၍ လုပ်ကိုင်လိုစိတ် မရှိခြင်းတို့ ဖြစ်ကြပါတယ်။**

တိုင်းရင်းဆေးကျမ်းများမှာ ဝမ်းကိုက်ရောဂါလက္ခဏာတွေကို ဖော်ပြရာမှာ အပြစ်ပြုတဲ့ဒေါသ၊ ဓာတ်အုပ်စုများအလိုက် ခွဲခြားပြီး ပြဆိုထားပါသေးတယ်။ အဲဒီလက္ခဏာရပ်တွေကတော့–

- **သွားတဲ့ဝမ်းဟာ ကျိချွဲပျစ်ခဲခြင်း၊ အနည်းငယ်သာ သွားခြင်း၊ ထိုးကျင့်နာကျင်လျက် ဝမ်းအကြိမ်ကြိမ်သွားခြင်း၊ လည်ချောင်းခံတွင်းခြောက်ခြင်း၊ ခံတွင်းအရသာပျက်ခြင်း၊ ပုပ်ညှီတဲ့အနံ့ရှိခြင်း၊ ဝမ်းရဲ့အရောင်အဆင်း အမျိုးမျိုးရှိခြင်း၊ အချို့သွေးပါခြင်း၊ပျို့ခြင်း၊ အန်ခြင်း၊ အမြှုပ်နှင့်တကွ ဝမ်းသက်ခြင်း၊ အသံနှင့်တကွ ဝမ်းသွားခြင်း၊ ဝမ်းဗိုက်အတွင်းမှ ဆုပ်ညှစ်ထားသကဲ့သို့ နာကျင်ခြင်း၊ ဝမ်း၌ တကြုတ်ကြုတ်မြည်ခြင်း၊ အထက်လှန် အောက်လျှောဖြစ်တတ်ခြင်း၊ နံဘေးပေါင်၊ တင်ပါးတို့ မပြတ်နာကျင်ခြင်း၊ စအိုဝစွမဂ်၌ စူးရှစွာနာကျင်ခြင်း၊ စားလိုက်တဲ့အစာတို့ ကြေကျက်ခဲခြင်း၊ မွတ်သိပ်ဆာလောင်မှု မရှိခြင်းတို့ ဖြစ်ကြပါတယ်။**

အခုတစ်ခါ ဝမ်းကိုက်ရောဂါကို တိုင်းရင်းဆေးပညာဦးစီးဌာနသုံးဆေးဝါးများနဲ့ ကုသနိုင်တဲ့အကြောင်း ဆက်လက်ဖော်ပြသွားမှာဖြစ်ပါတယ်။

- **ရိုးရိုးဝမ်းကိုက်ရောဂါကုသတဲ့အခါ တိုင်းရင်းဆေးဖုံအမှတ်(၂၅) မတဲမြင့်မိုရ်ကုန်းဆေး (ဒါမှမဟုတ်)ဆေးအမှတ် ၂၃ ဝေသာရဇ္ဇကို လူကြီး တစ်ခါသောက် လက်ဖက်ရည်ဇွန်းတစ်ဇွန်း၊ ကလေးဆိုရင် ဇွန်းတစ်ဝက်၊ ထန်းလျက်ပြုတ်ရည်နဲ့ တိုက်ရပါတယ်။ ဆေးပြားဆိုရင် တစ်ခါသောက် လူကြီးလေးပြား၊ ကလေးနှစ်ပြား သောက်ရပါမယ်။ တစ်နေ့သုံးကြိမ် သုံးရက်သောက်ဖို့ လိုပါတယ်။**
- **သွေးဝမ်းသွားရင် တိုင်းရင်းဆေးဖုံအမှတ်(၁၄) ဒေဝဩသဓဆေးကို လူကြီးတစ်ခါသောက် လက်ဖက်ရည်ဇွန်း တစ်ဇွန်း၊ ကလေးဖြစ်ရင် ဇွန်းတစ်ဝက် ဆီးဖြူသီးပြုတ်ရည်နဲ့ တိုက်ရပါတယ်။**
- **ရိုးရိုးဝမ်းကိုက်တာပဲဖြစ်ဖြစ်၊ သွေးဝမ်းကိုက်တာပဲဖြစ်ဖြစ် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနက ထုတ်လုပ်တဲ့ ရာတန်စေ့ ဝမ်းကိုက်ပျောက်ဆေးတောင့်ကို အညွှန်းအတိုင်း သောက်ပေးရင်လဲ သက်သာပျောက်ကင်းစေနိုင်ပါတယ်။ အခုတင်ပြတဲ့ ဆေးတွေဟာ ဝမ်းကိုက်ရောဂါအပေါ်မှာ အစွမ်းအာနိသင် ထက်မြက်လှတဲ့ ဆေးတွေပဲ ဖြစ်ပါတယ်။**

ဝမ်းကိုက်ရောဂါအတွက် မြန်မာတိုင်းရင်းဆေး သမားတော်ကြီးတွေများသောအားဖြင့် အသုံးပြုလေ့ရှိတဲ့ ဆေးဖက်ဝင် အပင်တွေကတော့ ကျွဲကျောင်းမင်စေး၊ ခန်းတောက်၊ တောင်မုရိုး၊ မီးကွင်းဂမုန်း၊ ထားဝယ်မှိုင်း၊ ရာတန်စေ့၊ လက်ထုတ်ကြီး၊ မင်းကွတ်၊ သလဲ၊ မဟာကာကြံဆစ်၊ စမုန်နက်၊ ဆီးဖြူသီး၊ ဆေးပုစွန်တုပ်၊ လင်းနေ၊ ကြက်သွန်ဖြူ၊ ဆေးပုလဲ၊ ဇာတိပ္ဖိုလ်သီး၊ နနွင်း၊ ဥသျှစ်၊ ကြောင်ပန်း၊ ရှားစောင်းသိဂ်နိက် (kiss me quick)တို့ပဲ ဖြစ်ပါတယ်။

ဝမ်းကိုက်ရောဂါရှင်တွေအနေနဲ့ အစာကြေလွယ်တဲ့ အစာအာဟာရများကိုသာ ဦးစားပေး စားသောက်ဖို့လိုပါတယ်။ လေချုပ်ခြင်း၊ ကြို့ထိုးခြင်း၊ လေတက်ခြင်း၊ ဝမ်းဗိုက်အတွင်း ထိုးကျင့်နာကျင်ခြင်းစတဲ့ လက္ခဏာတွေနဲ့အတူ တွဲပြီးဖြစ်တဲ့ ဝမ်းကိုက်ရောဂါရှင်တွေဟာ လေထွက်၊ လေသက်စေဖို့ (အဓောဂမဝါယော)ဖြစ်စေတဲ့ ကြောင်ပန်းရွက်/သီး၊ လင်းနေ၊ ရှိန်းခို၊ စမုန်နက်၊ ကြက်သွန်ဖြူ၊ ဆားပုပ်စတဲ့ ဆေးပစ္စည်းများနဲ့ တွဲဖက်စားပေးရပါမယ်။ အပူအအေး နှစ်ပါးပြိုင်ပြီးဖြစ်တဲ့ ဝမ်းကိုက်ရောဂါ (မခံမရပ်နိုင်အောင် ဝမ်းဗိုက်ထိုးခြင်း၊ အချွဲသာဆင်းခြင်း၊ ဝမ်းပူခြင်း)တို့ ခံစားရရင်တော့ အေးပြီး ချိုချဉ်အရသာရှိတဲ့ မန်ကျည်းမှည့်နဲ့ ထန်းလျက်ဖျော်ရည်တို့ကို အစာတိုက်ကျွေးပြီး ကုသရမှာ ဖြစ်ပါတယ်။ ဝမ်းကိုက်ပျောက်ကင်းခါစ ဝမ်းမီးအားကောင်းပြီး အစာကြေစေဖို့အတွက် စတုမဓူကို စားနိုင်ပါတယ်။ ငှက်ပျောသီးဖီးကြမ်းကိုလည်း မီးကင်ပြီး ဓာတ်စာအဖြစ် စားပေးနိုင်ပါတယ်။

**ဝမ်းကိုက်ရောဂါအတွက် အသုံးပြုသင့်တဲ့ အစွမ်းထက်ဆေးတစ်လက်ကိုလည်း တစ်ဆက်တည်း ဖော်ပြလိုပါသေးတယ်။ အဲဒီဆေးနည်းမှာပါဝင်တဲ့ ဆေးမယ်တွေကတော့ ရာတန်စေ့၊ စမုန်နက်၊ လက်ထုတ်ကြီးအခေါက်၊ ဆီးဖြူသီးခြောက်၊ ဆေးပုစွန်တုပ်၊ လင်းနေ၊ ဆေးပုလဲ၊ ဇာတိပ္ဖိုလ်သီးတို့ပါပဲ။**

ဒီဆေးကို ပေါင်ဒါသားကျအောင် အမှုန့်ပြုပြီး တစ်ခါသောက်ရင် လက်ဖက်ရည်ဇွန်းတစ်ဝက် တစ်နေ့ သုံးကြိမ်၊ တစ်ပတ်သောက်ပေးရပါမယ်။ ဒီဆေးကို တိုင်းရင်းဆေးသမားတော်တွေက **(ခွက်ချင်းပြီး)** ဆေးလို့ ဆိုကြပါတယ်။ တစ်ခွက်တည်းသောက်ရုံနဲ့ ဝမ်းကိုက်တာ သက်သာစေနိုင်တဲ့ မြန်မာ့တိုင်းရင်းဆေးစွမ်းကောင်း တစ်လက်ဖြစ်တဲ့ အကြောင်း အရေးကြုံရင် အသုံးပြုနိုင်အောင် ရေးသားတင်ပြလိုက်ရပါတယ်။ ။

## ဓမ္မာစရိယနှင့် အဘိဓမ္မာသင်တန်း ဓမ္မဒါန ပို့ချမည်

ရန်ကုန် ဇူလိုင် ၂၅

သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံစေတီတော် ဓမ္မဗိမာန်တော်၌ ဓမ္မာစရိယစာမေးပွဲ ဖြေဆိုကြမည့် ရဟန်း၊ သာမဏေ၊ သီလရှင်များအတွက် ဓမ္မာစရိယသင်တန်းနှင့် အဘိဓမ္မာစာမေးပွဲ ဝင်ရောက်ဖြေဆိုလိုသူများနှင့် အဘိဓမ္မာလေ့လာလိုသူ သီလရှင်နှင့် လူပုဂ္ဂိုလ်များအတွက် အဘိဓမ္မာသင်တန်းကို သဃ်န်းကျွန်းမြို့နယ် (င/က)ရပ်ကွက် ဓမ္မဝိဟာရ ပထမကျော်စာသင်တိုက်နှင့် ဓမ္မရိပ်သာ ဆရာတော် အရှင်ဂရုဝံသာဘိဝံသ (ပထမကျော်၊သာသနဓဇသိရီပဝရ ဓမ္မာစရိယ၊ စတုနိကာယ ဝိဒူ၊ ပါဠိပါရဂူ၊ ပိဋကတ္တယပါရဂူ၊ ပိဋကတ် တစ်ပုံဆောင်)က ဓမ္မဒါနပို့ချမည်ဖြစ်ရာ ဖုန်း–၅၆၂၃၃၃သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

(က–ပ)




ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး ၉၁ လမ်းနေ ဖခင်ကြီး ဦးစိန်မောင်အား ရည်စူး၍ မိခင်ကြီးဒေါ်သန်းမြကို ဦးထိပ်ထား၍ သမီး ဒေါ်မြင့်မြင့်စိန်ကိုယ်စား တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးက သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

## ဝိပဿနာသင်တန်းနှင့် အဘိဓမ္မာ တရားစခန်း

ရန်ကုန် ဇူလိုင် ၂၅

ရွှေတိဂုံစေတီတော်(အရှေ့ဘက်မုခ်) ကြေးသွန်းဘုရားကြီးအနီးရှိ အမှတ် ၁၅ ကြားတောရလမ်း တိပိဋကဓမ္မရက္ခိတ ဗိမာန်တော်တွင် ထေရဝါဒဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအဖွဲ့ (သန့်–တည်–ပွား)မှ မြတ်ဗုဒ္ဓ၏သံသရာလွတ်မြောက်ကြောင်းအဆုံးအမတော်များကို မှန်–တို–ရှင်း နည်းဖြင့် အခြေခံမှစ၍ပို့ချပေးသည့်သင်တန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း နံနက် ၈ နာရီမှ ၁၁ နာရီအထိ ဖွင့်လှစ်လျက်ရှိသည်။

လာမည့် ဩဂုတ်လအတွင်း ကိုးရက်အဓိဌာန် တရားစခန်းများကို အထက်ပါ ဗိမာန်တော်၌ ဩဂုတ် ၁ရက်မှ ၉ရက်အထိ တစ်ကြိမ်၊ ဩဂုတ် ၁၁ရက်မှ ၁၉ရက်အထိ တစ်ကြိမ်နှင့် ဩဂုတ် ၂၁ရက်မှ ၂၉ရက်အထိ တစ်ကြိမ် စုစုပေါင်း သုံးကြိမ်ကျင်းပသွားမည်ဖြစ်သည်။ တရားစခန်းဝင်ရောက်လိုသူများသည် ဖုန်း–၀၁–၃၈၂၁၁၁ သို့ တိုက်ရိုက် ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က–ပ)

# နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင် လည်းကောင်း ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်




ရန်ကုန် ဇူလိုင် ၂၅

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ဇူလိုင် ၂၃ ရက်ကကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများနှင့်စပ်လျဉ်း၍ အလှည့်ကျသဘာပတိအဖွဲ့ဝင်များ၏ ဖတ်ကြားတင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–**

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

၂၀၀၆ခုနှစ် နိုဝင်ဘာလ ၁၃ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက 'အထွေထွေပြဋ္ဌာန်းချက်များအခန်း' နဲ့စပ်လျဉ်းပြီး–

"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ဟာ သက်ဆိုင်ရာနိုင်ငံအနေနဲ့ ဖြတ်သန်းလာခဲ့ရတဲ့သမိုင်းကြောင်းကို ရောင်ပြန်ဟပ်လျက်ရှိပြီး နိုင်ငံတော်ဖွဲ့စည်းတည်ရှိမှုကို သရုပ်ဖော်တဲ့ ပင်မဥပဒေဖြစ်ပါတယ်။ ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ဟာ နိုင်ငံတော်အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာများကို မည်သို့မည်ပုံ ခွဲဝေကျင့်သုံးမယ်ဆိုတာကိုလည်းကောင်း၊ နိုင်ငံတော်ကကျင့်သုံးမယ့် နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်စသည်တို့ကိုလည်းကောင်း ဖော်ပြပါရှိတဲ့ နိုင်ငံအတွင်းရှိ အခြားဥပဒေအားလုံးရဲ့ ကျောရိုးမဏ္ဍိုင် ဥပဒေဖြစ်တဲ့အတွက် အခြားဥပဒေအားလုံးဟာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လိုက်လျောညီထွေရှိဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဥပဒေအားလုံးရဲ့ အခြေခံဥပဒေဖြစ်ကြောင်း ပြဋ္ဌာန်းထားကြတာကိုလည်း လေ့လာတွေ့ရှိရပါတယ်"လို့ ရှင်းလင်းပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"ကျွန်တော်ရှင်းလင်းတင်ပြခဲ့တဲ့ လေ့လာတွေ့ရှိချက်များနဲ့ သုံးသပ်ချက်များအပေါ် အခြေပြုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ၊ 'အထွေထွေပြဋ္ဌာန်းချက်များ' အခန်းနဲ့စပ်လျဉ်းလို့ ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမည့်မူများကို စုစည်းလျက် အောက်ပါအတိုင်း တင်ပြအပ်ပါတယ်–

**၁။ ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်အတွင်းရှိ ဥပဒေအားလုံး၏ အခြေခံဥပဒေဖြစ်သည်။**

**၂။ မြန်မာစာသည် ရုံးသုံးစာဖြစ်သည်။**

**၃။ နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေ ပြဋ္ဌာန်းရာတွင် လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်။**

**၄။ ဤဖွဲ့စည်းပုံအခြေခံဥပဒေ၏ နိဒါန်း၊ ပုဒ်မများ၊ ပုဒ်မခွဲများ၊ စကားလုံးစုများ၊ စကားလုံးတစ်လုံးချင်း၏ အနက်အဓိပ္ပာယ်၊ သဘောအယူအဆများ ဖွင့်ဆိုရာ၌ မြန်မာစာဖြင့် ရေးသားထားချက်များအပေါ်တွင်သာ အခြေပြုရမည်။**

**၅။ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ စကားရပ်များကို အနက်အဓိပ္ပာယ် ဖွင့်ဆိုရာတွင် တည်ဆဲစကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေကို ကိုးကားရမည်။**

**၆။ ဤဖွဲ့စည်းပုံအခြေခံဥပဒေ မြန်မာစာမူတစ်ခုကို အမျိုးသားမော်ကွန်းတိုက်တွင် မော်ကွန်းတင်ထားရှိရမည်။ ထိုစာမူသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များအတွက် အပြီးအပြတ်သက်သေအရာ တည်စေရမည်။**

**၇။ ပြည်ထောင်စုအစိုးရသည် ပြည်ထောင်စုအစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ရန် သတ်မှတ်ထားသော စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်ကို နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ–**

**(က) တိုင်းဒေသကြီး အစိုးရအဖွဲ့၊ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကို ပြည်ထောင်စုအစိုးရ အဖွဲ့နှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ရန် ဖြစ်စေ၊ စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရန် ဖြစ်စေ ခွင့်ပြုနိုင်သည်။**

**(ခ) သမဝါယမအဖွဲ့အစည်း၊ စီးပွားရေးအဖွဲ့အစည်း၊ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ရန် ဖြစ်စေ၊ စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်စေ ခွင့်ပြုနိုင်သည်။**

**၈။ ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာမတည်မီကာလက ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အခြားနိုင်ငံအစိုးရတို့ ချုပ်ဆိုအတည်ဖြစ်ခဲ့သော စာချုပ်များအရသော် လည်းကောင်း၊ သဘောတူညီချက်များအရသော်လည်းကောင်း ပေါ်ထွက်လာသော တရားမျှတသည့်တာဝန်များကို အဆိုပါ အခြားနိုင်ငံကလည်း ပြည်ထောင်စုမြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ ထားရှိအပ်သော ပဋိညာဉ်များကို လေးစားပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကလည်း လေးစားသည်။**

**၉။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာမတည်မီက ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ချုပ်ဆိုထားရှိခဲ့သော ပဋိညာဉ်များနှင့် စပ်လျဉ်း၍ဖြစ်စေ၊ တာဝန်များနှင့် စပ်လျဉ်း၍ဖြစ်စေ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအား တရားစွဲဆိုနိုင်သော အခွင့်အရေးအရ တရားစွဲဆိုရန် ပေါ်ပေါက်ခဲ့လျှင် ပြည်ထောင်စုအစိုးရအား တရားစွဲဆိုနိုင်သည်။**

**(ခ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အမည်ဖြင့် တရားစွဲဆိုနိုင်သည်။ ထိုနည်းတူပင် တရားစွဲဆိုခြင်းကို ခံနိုင်သည်။**

**၁၀။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်(၉)ဦးဖြင့် ဖွဲ့စည်းရမည်။ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် လွှတ်တော်ကိုယ်စားလှယ်များထဲက ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲက ဖြစ်စေ အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသူများအနက်မှ အဖွဲ့ဝင်(၃)ဦးစီကို ရွေးချယ်ရမည်–**

**(က) အသက် (၅၀)နှစ် ပြည့်ပြီးသူ၊**

**(ခ) အသက်ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသူ၊**

**(ဂ) အသက်ကန့်သတ်ချက်မှအပ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသူ၊**

**(ဃ) နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လုံခြုံရေးအမြင်ရှိသူ၊**

**(င) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်သစ္စာရှိသူ။**

**၁၁။ နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့်အဖွဲ့ဝင်(၃)ဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့်အဖွဲ့ဝင်(၃)ဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့်အဖွဲ့ဝင်(၃)ဦး စုစုပေါင်း(၉)ဦး၏ အမည်စာရင်းကို လည်းကောင်း၊ ယင်းတို့အနက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦး၏အမည်ကို လည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက် ရယူရမည်။**

**၁၂။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်၏ အရည်အချင်းနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတက စုစည်းအမည်စာရင်းတင်သွင်းသည့် ပုဂ္ဂိုလ်များအား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့် မရှိစေရ။**



အလှည့်ကျသဘာပတိအဖွဲ့ဝင် တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ (ခ) ဦးလှမြင့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းနှင့် စပ်လျဉ်းသည့် ကောက်နုတ်စုစည်းချက်များကို ဖတ်ကြား တင်ပြစဉ်။ (သတင်းစဉ်)

**(ဂ) နိုင်ငံရေးပါတီတစ်ခုခု၌ အဖွဲ့ဝင်ဖြစ်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့်နေ့မှစ၍ မိမိရာထူး သက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ။**

**၁၇။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်တစ်ဦးဦးသည် ရာထူးသက်တမ်းမကုန်ဆုံးမီ အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်း နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှနုတ်ထွက်နိုင်သည်။**

**၁၈။ အကြောင်းတစ်ခုခုကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်ရာထူးနေရာ လစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် အသစ်အား ခန့်အပ်တာဝန်ပေးနိုင်သည်။**

**၁၉။ (က) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် တစ်ဦးဦးအား အောက်ပါ အကြောင်းတစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင်နိုင်သည်–**

**(၁) နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊**

**(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊**

**(၃) အကျင့်သိက္ခာပျက်ပြားခြင်း၊**

**(၄) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်၏ အရည်အချင်း ပျက်ယွင်းခြင်း၊**

**(၅) ပေးအပ်ထားသော တာဝန်ဝတ္တရားများကို ကျေပွန်စွာမထမ်းဆောင်ခြင်း။**

# ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်အတွင်းရှိ ဥပဒေအားလုံး၏ အခြေခံဥပဒေဖြစ်သည်

**၁၃။ နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက် မရရှိသည့် အဖွဲ့ဝင်နေရာအတွက် အမည်စာရင်းသစ်ကို ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ ထပ်မံ တင်သွင်းခွင့်ရှိသည်။**

**၁၄။ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရရှိပြီးသည့် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရမည်။**

**၁၅။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ သက်တမ်းသည် ပြည်ထောင်စုလွှတ်တော်၏ သက်တမ်းနှင့်အညီ (၅)နှစ်ဖြစ်သည်။ သို့ရာတွင် သက်တမ်းကုန်ဆုံးပြီး ဖြစ်သော်လည်း လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအသစ်ဖွဲ့စည်းပြီးသည့် အချိန်အထိ မိမိ၏လုပ်ငန်းတာဝန်များကို ဆက်လက်တာဝန် ထမ်းဆောင်ရမည်။**

**၁၆။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်တစ်ဦးသည်–**

**(က) လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ်ဖြစ်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။**

**(ခ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။**

**(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် တစ်ဦးဦးအပေါ် စွပ်စွဲပြစ်တင်လိုပါက ပြည်ထောင်စုတရားသူကြီးချုပ်၊ သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးဦးအား စွပ်စွဲပြစ်တင်ခြင်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။**

**၂၀။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–**

**(က) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊**

**(ခ) ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်၊ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့က ပြဋ္ဌာန်းသည့် ဥပဒေများသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ခြင်း၊**

**(ဂ) ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာ အာဏာပိုင်များ၏ ဆောင်ရွက်ချက်များသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ခြင်း၊**

**(ဃ) ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအကြား၊ ပြည်ထောင်စုနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးအချင်းချင်း၊ ပြည်နယ်အချင်းချင်း၊ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအကြား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအချင်းချင်းဖြစ်ပေါ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ အငြင်းပွားမှုများကိုဆုံးဖြတ်ခြင်း၊**

စာမျက်နှာ ၆ ကော်လံ ၁ သို့

# ဤဖွဲ့စည်းပုံအခြေခံဥပဒေ၏ နိဒါန်း၊ ပုဒ်မများ၊ ပုဒ်မခွဲများ၊ စကားလုံးစုများ စကားလုံးတစ်လုံးချင်း၏ အနက်အဓိပ္ပာယ်၊ သဘောအယူအဆများ ဖွင့်ဆိုရာ၌ မြန်မာစာဖြင့် ရေးသားထားချက်များအပေါ်တွင်သာ အခြေပြုရမည်

စာမျက်နှာ ၅ မှ

**(င) တိုင်းဒေသကြီး၊ ပြည်နယ်၊ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတို့က ပြည်ထောင်စုဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတို့၏ အခွင့်အရေးနှင့် တာဝန်များနှင့်စပ်လျဉ်း၍ ပေါ်ပေါက်သည့် အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊**

**(စ) ပြည်ထောင်စု နယ်မြေများနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက အကြောင်းကြားလာသည့် ကိစ္စရပ်များကို စိစစ်ဆုံးဖြတ်ခြင်း၊**

**(ဆ) ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေများက ပေးအပ်သည့်လုပ်ငန်းတာဝန်များ၊**

**၂၁။ တရားရုံးတစ်ရုံးသည် အမှုတစ်မှုကိုစစ်ဆေးစီရင်ရာတွင် ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်မှု ရှိ၊ မရှိ၊ ညီညွတ်မှု ရှိ၊ မရှိ အငြင်းပွားမှု ပေါ်ပေါက်ပါက ထိုအငြင်းပွားမှုနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးကလည်း တစ်စုံတစ်ရာ ဆုံးဖြတ်ချက် ချမှတ်ထားခြင်း မရှိသေးလျှင် အဆိုပါတရားရုံးသည် အမှုစစ်ဆေးစီရင်ခြင်းကို ရပ်ဆိုင်းထားပြီး မိမိ၏ထင်မြင်ချက်ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ တင်ပြ၍ အဆုံးအဖြတ်ရယူရမည်။ ယင်းအငြင်းပွားမှုနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ဆုံးဖြတ်ချက်သည် အမှုအားလုံးနှင့် သက်ဆိုင်စေရမည်။**

**၂၂။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။**

**၂၃။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထား ရယူရန်ကိစ္စများကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ တိုက်ရိုက်တင်သွင်းခွင့်ရှိသည်–**

**(က) နိုင်ငံတော်သမ္မတ**

**(ခ) ပြည်ထောင်စုလွှတ်တော်နာယက**

**(ဂ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ**

**(ဃ) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ**

**(င) ပြည်ထောင်စုတရားသူကြီးချုပ်**

**(စ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ**

**၂၄။ အောက်ပါပုဂ္ဂိုလ်၊ သို့မဟုတ် အဖွဲ့အစည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားရယူရန် ကိစ္စများကို သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ခုံရုံးသို့ တင်သွင်းခွင့်ရှိသည်–**

**(က) တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်**

**(ခ) တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ**

**(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့ဥက္ကဋ္ဌ**

**(ဃ) ပြည်သူ့လွှတ်တော်၊ သို့မဟုတ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ အနည်းဆုံး ၁၀% ရာခိုင်နှုန်း အရေအတွက်ရှိသော ကိုယ်စားလှယ်များ၊**

**မြန်မာစာသည် ရုံးသုံးစာဖြစ်သည်**

**၂၅။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဖွဲ့စည်းမှု၊ ဆက်သွယ်မှု၊ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ စသည်တို့ကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ရမည်။**

**၂၆။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကို ဥပဒေဖြင့် ပြဋ္ဌာန်းသည့်အခါ မှီငြမ်းပြုနိုင်ရေးအတွက် ခုံရုံးဥက္ကဋ္ဌကို ဒုတိယသမ္မတအဆင့် သတ်မှတ်သည်။ ခုံရုံးအဖွဲ့ဝင်ကို ပြည်ထောင်စုဝန်ကြီးအဆင့် သတ်မှတ်သည်”**

လို့လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားသွားခဲ့ပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အဲဒီရှင်းလင်းချက်နဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ နိုင်ငံရေးပါတီ (၈)ပါတီအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက–

“အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက တင်ပြခဲ့သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော် အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနဲ့ အထွေထွေပြဋ္ဌာန်းချက်များ အခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများကို ကမ္ဘာ့နိုင်ငံအချို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ မြန်မာနိုင်ငံ၏ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့ကို သေချာစွာလေ့လာစိစစ်ပြီး အမျိုးသားညီလာခံကြီးက အတည်ပြုချမှတ်ထားသည့် ဦးတည်ချက်များနှင့် အခြေခံမူများ ဘောင်အတွင်း ပြည့်စုံစွာတင်ပြထားကြောင်းတွေ့ရှိရပါတယ်။

သို့ဖြစ်ရာ ဖော်ပြပါအခန်းများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက တင်ပြခဲ့သည့် အချက်များဟာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်ရန် လျော်ကန်သင့်မြတ်ပါကြောင်း” ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က–

“အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြတဲ့ အထွေထွေပြဋ္ဌာန်းချက်များ အခန်းအတွက် အသေးစိတ်အခြေခံရမည့်မူ အမှတ် ၁ မှ ၂၆ အထိကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း” ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီက–

“အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး ရှင်းလင်းတင်ပြသွားတဲ့ အထွေထွေပြဋ္ဌာန်းချက်များအခန်းမှ စုစည်းချက်အပိုဒ် ၁ မှ ၂၆ အထိ ကျွန်တော်တို့ပါတီအနေနဲ့ အသေးစိတ် လေ့လာသုံးသပ်ကြည့်ပါတယ်။



**အလှည့်ကျ သဘာပတိအဖွဲ့ဝင်တောင်သူ လယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကံညွန့် အထွေထွေ ပြဋ္ဌာန်းချက်များ အခန်းနှင့် စပ်လျဉ်းသည့်ကောက်နုတ် စုစည်းချက်များကို ဖတ်ကြားတင်ပြစဉ်။**
(သတင်းစဉ်)

ဥက္ကဋ္ဌကြီး ရှင်းလင်းတင်ပြချက်များသည် ပြည့်စုံ၍ ခေတ်နှင့် လျော်ညီဖြစ်တာကို လေ့လာတွေ့ရှိရသောကြောင့် စုစည်းချက် အပိုဒ် ၁ မှ ၂၆ အထိ ထပ်မံအကြံပြုရန် မရှိပါသဖြင့် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း” ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

“ဤစုစည်းချက်အပိုဒ် ၆ နှင့်စပ်လျဉ်းပြီး ကျွန်တော်တို့ ပါတီအနေနဲ့ ဖြည့်စွက်ဆွေးနွေး အကြံပြုလိုပါတယ်။

ကျွန်တော်တို့ အမိနိုင်ငံတော်ကြီးသည် ကျယ်ဝန်းလှသော တိုင်းဒေသကြီးများ၊ ပြည်နယ်များနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဖြင့် တည်ဆောက်ထားသော နိုင်ငံတော်ကြီးဖြစ်သလို များပြားလှတဲ့ တိုင်းရင်းသား လူမျိုးနွယ်စုများသည် ကျယ်ဝန်းလှတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်များတွင် နေရာအနှံ့ ပြန့်ကျဲလျက် နေထိုင်ကြပါတယ်။ ဒီလိုနေရာအနှံ့တွင် နေထိုင်ကြသော တိုင်းရင်းသား လူမျိုးနွယ်စုအသီးသီး၌ အချို့သောပုဂ္ဂိုလ်များသည် မြန်မာစကား ကျွမ်းကျင်မှု မရှိခြင်း၊ မြန်မာစာ ကျွမ်းကျင်မှုမရှိခြင်း စသော ပုဂ္ဂိုလ်အမြောက်အမြား ရှိပါတယ်။ နိုင်ငံကျယ်ဝန်းတဲ့အလျောက် မော်ကွန်းတိုက်နဲ့လည်း ဝေးလံတဲ့ နေရာဒေသများ ရှိပါတယ်။ မြန်မာစကား၊ မြန်မာစာ မကျွမ်းကျင်သော တိုင်းရင်းသား လူမျိုးနွယ်စုများ၊ နိုင်ငံတော်၏ အဓိကကျသော ဖွဲ့စည်းပုံ အခြေခံဥပဒေကို လေ့လာသိရှိ နားလည်လိုက်နာနိုင်ရေးအတွက် ဦးတည်ချက်ထားပြီး သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးနွယ်စု အသီးသီး၏ စာပေဘာသာများဖြင့် ဘာသာပြန်ရေးသားထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ မြန်မာစာမူ လိုအပ်မှာ ဖြစ်ပါတယ်။

တိုင်းရင်းသား လူမျိုးနွယ်စုအသီးသီး၏ စာပေဖြင့် ရေးသားထားသော ဘာသာပြန် ဖွဲ့စည်းပုံအခြေခံဥပဒေ တိုင်းရင်းသားများစာမူ မူကြမ်းမိတ္တူကို သက်ဆိုင်ရာ တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ အသီးသီး၌ ထိန်းသိမ်းထားရှိနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက သင့်လျော်တဲ့ ဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်ထားရှိစေသင့်ပါကြောင်း ဖြည့်စွက်အကြံပြုအပ်ပါတယ်” လို့ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီက ဆွေးနွေးတင်ပြ သွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ မြို(ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က–

- “မြန်မာစာကို ရုံးသုံးစာအဖြစ် သတ်မှတ်ခြင်းနဲ့စပ်လျဉ်း၍ လည်းကောင်း၊
- ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါရှိတဲ့ စကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုဖို့ အကြောင်းပေါ်ပေါက်လာရင်လည်း မြန်မာစာဖြင့်ရေးသားချက်များအပေါ်တွင်သာ အခြေပြုရမှာဖြစ်ကြောင်း သုံးသပ်ရမှုကို လည်းကောင်း၊
- ဖွဲ့စည်းပုံအခြေခံဥပဒေပါ စကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနဲ့စပ်လျဉ်း၍ လည်းကောင်း၊
- မော်ကွန်းတင်ထားရှိတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါရှိသည့် ပြဋ္ဌာန်းချက်များအတွက် အပြီးသတ် သက်သေအရာမှာ တည်စေရမည်လို့ ဖော်ပြပါရှိတာကို လေ့လာတွေ့ရှိရမှုကို လည်းကောင်း၊
- နိုင်ငံတော် အခြေခံမူများ သတ်မှတ်ရေးအတွက် အခြေခံရမည့်မူတွေကို ချမှတ်စဉ်က စီးပွားရေးနဲ့စပ်လျဉ်း၍ လည်းကောင်း၊
- လွတ်လပ်ရေးရပြီးတဲ့ နောက်ပိုင်းမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနဲ့ အခြားနိုင်ငံအစိုးရတို့ ချုပ်ဆိုအတည်ပြုခဲ့တဲ့ စာချုပ်များ၊ သဘောတူညီချက်များနဲ့ စပ်လျဉ်း၍ လည်းကောင်း၊
- ဤဖွဲ့စည်းပုံအခြေခံဥပဒေသစ် အာဏာမတည်မီက ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနဲ့ အခြားနိုင်ငံအစိုးရတို့ ချုပ်ဆိုအတည်ပြုခဲ့တဲ့ စာချုပ်များ၊ သဘောတူညီချက်များရှိမှုနှင့် ပတ်သက်၍ လည်းကောင်း၊
- နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လည်းကောင်း၊
- ခုံရုံးဖွဲ့စည်းရေး၊ အဖွဲ့ဝင်များခန့်ထားရေး၊ အဖွဲ့ဝင်များရှိသင့်သည့် အရည်အချင်း၊ ခုံရုံးရဲ့သက်တမ်း၊ အဖွဲ့ဝင်အဖြစ် တာဝန်ပေးခန့်ထားခြင်း၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိခြင်းနဲ့ ခုံရုံး၏ လုပ်ငန်းတာဝန်များနဲ့ စပ်လျဉ်း၍ လည်းကောင်း

လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးရဲ့ ရှင်းလင်းပြောကြားချက်များကို မိမိတို့ လေ့လာသုံးသပ်ခဲ့ကြပါတယ်။ ယင်းသို့လေ့လာရာမှာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် အထွေထွေပြဋ္ဌာန်းချက်များအခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများအဖြစ် စုစည်းလျက် အမှတ်စဉ် (၁)မှ အမှတ်စဉ်(၂၆)အထိ ရှင်းလင်းတင်ပြထားတာ တွေ့ရှိရပါတယ်။ ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမယ့်မူများအဖြစ် စုစည်းတင်ပြချက်များဟာ သင့်တော်ဆီလျော်မှုများရှိပါသဖြင့် ဆွေးနွေးရန် မရှိ ထောက်ခံအပ်ပါကြောင်း” ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

“နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမယ့်မူများနှင့်ပတ်သက်ပြီး ၂၀၀၆ခုနှစ် နိုဝင်ဘာလ၁၃ရက်နေ့ အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက မိမိတို့နိုင်ငံရဲ့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အရသော်လည်းကောင်း၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အရသော်လည်းကောင်း၊ အခြားအချို့နိုင်ငံတို့ရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေများ အရသော်လည်းကောင်း၊ အနာဂတ်နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေရေး၊ နိုင်ငံရဲ့ရေမြေသဘာဝ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်း၊ ဖြစ်ပေါ်ခဲ့တဲ့ သမိုင်းကြောင်း၊ ဖြစ်ပေါ်နေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစတဲ့ အခြေအနေအရပ်ရပ်နဲ့ လိုက်လျောညီထွေမှုရှိသည့်အတွက် စုစည်းတင်ပြချက်(၂၆)ချက်ကို အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း” ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်က–

“ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသက်တမ်းနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးတွင် အဖွဲ့ဝင်အဖြစ် တာဝန်ခန့်ထားခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်တစ်ဦး အပေါ် စွပ်စွဲပြစ်တင်ခြင်းနဲ့စပ်လျဉ်း၍ လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ တရားရုံးတစ်ရုံးက အမှုကိုစစ်ဆေးစီရင်ရာမှာ ဥပဒေပြဋ္ဌာန်းချက် တစ်ရပ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်မှု ရှိ၊ မရှိ၊ ညီညွတ်မှု ရှိ၊ မရှိ အငြင်းပွားမှု ပေါ်ပေါက်ခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအတွက် လိုအပ်သောဥပဒေပြဋ္ဌာန်းပေးရာတွင် ခုံရုံးဥက္ကဋ္ဌနဲ့အဖွဲ့ဝင်များ အဆင့်သတ်မှတ်ရေးတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ အမျိုးသားညီလာခံလုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးမှ စုစည်းရှင်းလင်းတင်ပြထားသည့် အချက်(၂၆)ချက်သည် ပြီးပြည့်စုံသည်ဖြစ်၍ အသေးစိတ်အခြေခံမူအဖြစ် ချမှတ်သင့်ပါကြောင်း” ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီက–

“နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော်အခန်း၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်း၊ အထွေထွေပြဋ္ဌာန်းချက်များ အခန်းတို့အတွက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်ပါ စုစည်းတင်ပြထားသည့်အချက်များပါ အတိုင်း အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း” ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ‘ဝ’ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

“နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနဲ့ အထွေထွေပြဋ္ဌာန်းချက်များ အခန်းတို့အတွက် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားချက်အရ ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံမူများဟာ ကဏ္ဍအလိုက် ဆီလျော်သင့်မြတ်မှုရှိတဲ့အတွက် အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း” ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့**

# ဤဖွဲ့စည်းပုံအခြေခံဥပဒေ မြန်မာစာမူတစ်ခုကို အမျိုးသားမော်ကွန်းတိုက်တွင် မော်ကွန်းတင်ထားရှိရမည်

စာမျက်နှာ ၆ မှ

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

ညီလာခံကိုယ်စားလှယ် အစုအဖွဲ့ (၈)ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်း(၄)စောင်အနက်–

- တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှကိုယ်စားလှယ်
- မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှကိုယ်စားလှယ်

တို့ရဲ့ သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ ယင်းတို့ရဲ့ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာ ကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားတာကို တွေ့ရပါတယ်။

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဒေါက်တာမှုထန်၊ ရှမ်းပြည်နယ် ရွာငံမြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်တို့က–

"၂၀၀၆ခုနှစ် နိုဝင်ဘာလ (၁၃)ရက်နေ့တွင် ပြုလုပ်ကျင်းပခဲ့သော အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ ရှင်းလင်းပြောကြားခဲ့သည့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ပါအပိုဒ် ၁ မှ ၂၆ အတိုင်း အသေးစိတ် အခြေခံရမည့်မှုများအဖြစ် ချမှတ်သင့်ပါကြောင်း"ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

" **'ဖွဲ့စည်းပုံအခြေခံဥပဒေပါအကြောင်းရပ်များအညွှန်း'** နဲ့ပတ်သက်ပြီး ဆက်လက်အကြံပြုတင်ပြလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အကြောင်းရပ်များနဲ့ပတ်သက်လို့ အရေးတကြီး သိဖို့လိုအပ်လာရင် အဲဒီအကြောင်းရပ်နဲ့ သက်ဆိုင်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ စာအုပ်ပါ ပုဒ်မ၊ ပုဒ်မခွဲ၊ စာမျက်နှာများကို အချိန်တိုတိုအတွင်း အလွယ်တကူ အမြန်ဆုံး ရှာဖွေတွေ့ရှိနိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်တွင် ဖော်ပြထားပေးသင့်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အကြောင်းရပ်များ အညွှန်းနှင့်ပတ်သက်၍ အချို့နိုင်ငံများရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဖော်ပြပါရှိပေမယ့် နိုင်ငံအများစုမှာတော့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဖော်ပြခြင်းမရှိပါ။ အညွှန်းဖော်ပြတဲ့ နိုင်ငံများဟာလည်း အညွှန်းကို အခန်းတစ်ခန်းအဖြစ် မဖော်ပြကြဘဲ အခြေခံဥပဒေစာအုပ်မှာ မာတိကာထားရှိသလို ဥပဒေစာအုပ်အဆုံးမှာ ဖော်ပြကြတာကို လေ့လာတွေ့ရှိ ရပါတယ်။ ဒါ့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းပြီး စာအုပ်အဖြစ်ထုတ်ဝေတဲ့ အခါမှာ **'ဖွဲ့စည်းပုံအခြေခံဥပဒေပါအကြောင်းရပ်များအညွှန်း'** ကို ထည့်သွင်းဖော်ပြ ပေးသင့်ပါကြောင်း သီးခြားအကြံပြုချက်တစ်ရပ်အဖြစ် အကြံပြုတင်ပြအပ်ပါတယ်" ဟု လည်းကောင်း၊

"မည်သည့်လုပ်ငန်းမျိုးကိုမဆို လုပ်ကိုင်ဆောင်ရွက်တဲ့အခါမှာ ယင်းလုပ်ငန်းတစ်ရပ် စနစ်တကျ ရှိစေရန်၊ ချောမောပြေပြစ်စွာ လည်ပတ်နိုင်စေရန်နှင့် အထမြောက် အောင်မြင်စေရန်အတွက်–

## ထိုစာမူသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များအတွက် အပြီးအပြတ် သက်သေအရာ တည်စေရမည်

၁။ မူဝါဒလမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော်ခြင်း၊

၂။ ယင်းမူဝါဒလမ်းညွှန်ချက်များအရ အကောင်အထည်ဖော်သည့်အခါ ချို့ယွင်းချက်၊ အားနည်းချက်များကို မျက်ခြည်မပြတ် လေ့လာစိစစ်ခြင်း၊

၃။ စိစစ်လေ့လာတွေ့ရှိချက်အရ ပြုပြင်ဆောင်ရွက်မှုများ၏ အောင်မြင်မှုအတိုင်းအတာကို ပြန်လည်လေ့လာ စိစစ်ခြင်း၊

၄။ ယင်းထပ်မံလေ့လာစိစစ်မှုများအပေါ်တွင် မျက်ခြည်မပြတ် ထပ်မံ၍ လေ့လာသုံးသပ်ခြင်း၊

၅။ ရရှိလာသော အဖြေများအပေါ်မူတည်၍ မူဝါဒလမ်းညွှန်ချက်များ ချမှတ်ခြင်း

များရှိရမယ်လို့ ပညာရှင်များ မိန့်ဆိုခဲ့ကြတာကို ဖတ်ရှုလေ့လာသိရှိရပါတယ်။ ပညာရှင်များ၏ မိန့်ဆိုချက်များဟာ စိတ်ဝင်စားဖို့ကောင်းလှတာနဲ့အညီ မည်သည့်ခေတ်ကာလတွင်ဖြစ်စေ၊ မည်သည့်လုပ်ငန်းတွင်ဖြစ်စေ အလွန်တရာမှ သဘာဝကျဆီလျော်နေကြောင်းကိုလည်း တွေ့ရှိရပါတယ်။ မူဝါဒလမ်းညွှန်ချက်များအတိုင်း လုပ်ငန်းတစ်ရပ်ကို အကောင်အထည်ဖော်ကြသည့်တိုင်အောင် ယင်းလုပ်ငန်းရပ်၏ ချို့ယွင်းချက်၊ အားနည်းချက်များ၊ ပျော့ကွက်၊ ဟာကွက်များနဲ့ အမှား၊ အမှန်များကို အမြဲမပြတ် လေ့လာရှာဖွေ ဆည်းပူးနေရမှာ အမှန်ပင်ဖြစ်ပါတယ်။ ထိုတွေ့ရှိချက်များအရ ပြုပြင်ဆောင်ရွက်ကြစေကာမူ ယင်းပြုပြင် ဆောင်ရွက်ချက်များ၏ အောင်မြင်မှု၊ မအောင်မြင်မှုကိုပါ ထပ်ဆင့်စစ်ဆေးခြင်းဟာလည်း လုပ်သင့်၊ လုပ်ထိုက်သည့် လုပ်ငန်းတစ်ရပ်ပင် ဖြစ်ပါတယ်။ သို့မှလည်း တွေ့ရှိချက်များအရ ပြန်လည်ပြုပြင်ဆောင်ရွက်လိုက်တဲ့ လုပ်ငန်း၏ မှန်ကန်မှု၊ မမှန်ကန်မှုတွေကို ထပ်မံ၍ အထင်အရှား တွေ့မြင်လာနိုင်မှာ ဖြစ်ပါတယ်။ တစ်ဖန် ယင်းလေ့လာတွေ့ရှိသည့် ချို့ယွင်းချက်များနှင့် ပြုပြင်ဆောင်ရွက်ချက်များ၏ အကြောင်းတရားနှင့် အကျိုးတရားများကို ထပ်ကြပ်မကွာ သုံးသပ်အဖြေရှာနေပါမှလည်း ဆက်လက်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းများအတွက် အကျိုးတရားများ မုချရရှိလာနိုင်မှာ ဖြစ်သလို၊ မှန်ကန်သော မူဝါဒ၊ တိကျသော လမ်းညွှန်ချက်အသစ်များကို အသစ်တစ်ဖန် ပြန်လည်ချမှတ်နိုင်ကြမှာ ဖြစ်ပါတယ်။ ဖော်ပြပါပညာရှင်များ၏ မိန့်ဆိုချက်အတိုင်း ပို၍ ပို၍ တိုးတက်သော လုပ်ငန်းနည်းစနစ်များ၊ လူနေမှုစနစ်များကို နိုင်ငံတိုင်းလိုလိုတွင် ချမှတ်၍ ကျင့်သုံးဖော်ဆောင်လျက်ရှိကြတာကို လေ့လာသိရှိရပါတယ်။ ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကိုတည်ဆောက်ရာမှာ လုပ်ငန်းရပ်များ အောင်မြင်ချောမောစွာ လည်ပတ်နိုင်စေရေးအတွက် လုပ်ငန်းဟူသမျှတွင် **'စစ်ဆေးခြင်း၊ ပြန်လည်စစ်ဆေးခြင်း၊ ပြုပြင်ခြင်း၊ သုံးသပ်စစ်ဆေးခြင်း'** တို့ကို အလေးထား ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်"ဟု လည်းကောင်း တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှုထန်ပါ (၃)ဦးတို့က အကြံပြု ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က–

"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မယ့် အထွေထွေပြဋ္ဌာန်းချက်များအခန်းနှင့် ပတ်သက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည်မှာ ပြီးပြည့်စုံပြီး လျော်ကန်သင့်မြတ်၍ အကြောင်းအကျိုး ညီညွတ်ပါသဖြင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားတဲ့ စုစည်းတင်ပြချက်အပိုဒ်(၁)မှ အပိုဒ်(၂၆)အထိကို အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း"ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က–

"ကျွန်တော်တို့ အစုအဖွဲ့အနေဖြင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌရှင်းလင်းပြောကြားခဲ့တဲ့ အထွေထွေပြဋ္ဌာန်းချက်များအခန်းအတွက် အသေးစိတ်အခြေခံရမယ့် မူများအဖြစ် ချမှတ်သင့်တဲ့ စုစည်းချက်အပိုဒ်(၁)မှ (၂၆)အထိ အခြေခံမူများကို အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ကြောင်း"ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က–

"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် အထွေထွေပြဋ္ဌာန်းချက်များအခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌမှ ရှင်းလင်းတင်ပြခဲ့သော အမှတ်စဉ်(၁)မှ (၂၆)အထိ အချက်အလက်များကို အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း"ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့က–

"အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အထွေထွေပြဋ္ဌာန်းချက်များ အခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူ (၂၆)ချက်ကိုလည်း အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ကြောင်း"ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က–

"ကျွန်တော်တို့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့က ဖွဲ့စည်းပုံအခြေခံဥပဒေပါ အထွေထွေပြဋ္ဌာန်းချက်များ အခန်းအတွက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ချပြရှင်းလင်းထားတဲ့ အပိုဒ်(၁)မှ(၂၆)အထိကို အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ကြောင်း"ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့က–

"၂၀၀၆ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နဲ့ ၁၃ ရက်နေ့များက ကျင်းပပြုလုပ်ခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြသွားတဲ့ 'အထွေထွေပြဋ္ဌာန်းချက်များအခန်း'မှာပါရှိတဲ့ အချက်အလက်များဟာ ဓမ္မဓိဋ္ဌာန်ကျကျ ဆီလျော်ကောင်းမွန်ပြီး ကျယ်ကျယ်ပြန့်ပြန့်ရှိတဲ့အတွက် ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့အနေနဲ့ သီးခြားအကြံပြုရန်မရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြသွားခဲ့တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းမှာပါရှိတဲ့ စုစည်းတင်ပြချက် (၂၆)ချက်ကို အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း"ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က–

"နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မယ့် 'အထွေထွေပြဋ္ဌာန်းချက်များအခန်း' အတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများနဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်မှာပါဝင်တဲ့ အချက် (၂၆)ချက်ဟာ အနာဂတ်နိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါရှိသင့်တဲ့ အချက်များဖြစ်တဲ့အတွက် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ကြောင်း" ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

**အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် 'ရွေးကောက်တင်မြှောက်ခြင်းအခန်း'၊ 'နိုင်ငံရေးပါတီများအခန်း'၊ 'အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များအခန်း'၊ 'ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်း'၊ 'နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော်အခန်း'၊ 'ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်း'နဲ့ 'အထွေထွေပြဋ္ဌာန်းချက်များအခန်း'တို့အတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့် မူများနဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ နိုင်ငံရေးပါတီများနဲ့ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့အချို့မှ ညီလာခံကိုယ်စားလှယ်များက တင်သွင်းလာတဲ့ အကြံပြုချက်စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကျ သဘာပတိအဖွဲ့ရဲ့ တွေ့ရှိချက်များကို ကောက်နုတ်စုစည်းတင်ပြလို့ ပြီးပါပြီ။

ဒီအကြံပြုချက်စာတမ်းတွေကို လေ့လာကြည့်ရင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားချက်များကို အသေးစိတ်အခြေခံရမယ့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း ကိုယ်စားလှယ်အစုအဖွဲ့များနဲ့ ကိုယ်စားလှယ်အများအပြားက ထောက်ခံဆွေးနွေးသွားတာတွေ့ရှိရပါတယ်။ အချို့ကိုယ်စားလှယ်များကလည်း ထောက်ခံဆွေးနွေးသွားသည့်အပြင် သီးခြားအကြံပြုချက်များအနေနဲ့ အကြံပြုတင်ပြသွားကြတာလည်း တွေ့ရှိရပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ။



### သွေးလွန်တုပ်ကွေးပညာပေး

သဃ်န်းကျွန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် ၄/က ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး ကျန်းမာရေးအသိပညာပေး ဟောပြောပွဲနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် ပြည်သူ့စောင့်ရှောက်မှုလုပ်ငန်းများကို ဇူလိုင် ၂၁ ရက်က ပြုလုပ်ရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ထွဋ်နှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ ဖုံး၊ သွန်၊ လဲ၊ စစ် ကျန်းမာရေးပညာပေး ဆောင်ရွက်ပြသကြစဉ်။ (ဝ၅၂)

### သာယာကုန်း ဆရာတော်တရားပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲ

**ရန်ကုန် ဇူလိုင် ၂၅**

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့် စေတီတော် ဗုဒ္ဓသာသနာ့ဝေယျာဝစ္စ နိဗ္ဗာန်ဆော်ဝတ်အသင်းက အရိယာဓမ္မာရုံကြီး၌ ဇူလိုင်၂၉ ရက် (ဒုတိယ ဝါဆိုလပြည့်နေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကင်းမြို့နယ်အတွင်းရှိ စာသင်ကျောင်းတိုက် ၁၂ ကျောင်းမှ သံဃာတော်များပင့်ဆောင်၍ ဝါဆိုသင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ် စသည်တို့လှူဒါန်းပြီး မွန်းလွဲ ၂ နာရီတွင် ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာကြီးမှ နာယက ဆရာတော် အရှင်ဝိစာရိန္ဒ (သာယာကုန်းဆရာတော်)က မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က–ပ)**

*✻ ကျောဖုံးမှ*

## ဂုဏ်ပြုပေးအပ်

ရှေးဦးစွာ အလှူရှင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်ဇနီး ဒေါက်တာ ဒေါ်တင်လင်းမြင့် မိသားစုကိုယ်စား သား ကိုအောင်ဇော်ရဲမြင့်နှင့် ဇနီး ဒေါ်အေးမြအောင်တို့က ငွေကျပ်နှစ်သိန်း၊ အမျိုးသား ကြီးပွားတိုးတက်ရေးအများပိုင် ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးစိုးထွန်းရှိန်က ငွေကျပ် ၆၄၃၅၀၀၀ တန်ဖိုးရှိ ကျားဆောင်းထီး ၁၁၀၀ နှင့် မဆောင်းထီး အလက် ၇၀ စုစုပေါင်း အလက် ၁၁၇၀၊ အမျိုးသားညီလာခံကိုယ်စားလှယ် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှဦးဘိုသိန်း (ရှမ်း/အရှေ့)က ငွေကျပ် ၂၈၂၇၅၀၀ တန်ဖိုးရှိ အမျိုးသားညီလာခံ ညောင်နှစ်ပင်စခန်း မြင်ကွင်းအဖုံးပုံနှင့် ရှုခင်းစုံစာအုပ် ၁၁၃၁အုပ်၊ ဆရာဦးစံတင်အောင် (ရွှေဘို) အောင်မြေစာပေက ငွေကျပ် ၂၁၀၀၀၀၀ တန်ဖိုးရှိ သုတ ရသစာအုပ် ၁၂၀၀ နှင့် တစ်အိတ်လျှင် ကျပ် ၂၅၀ နှုန်းဖြင့် ကတ်ထူလက်ဆွဲအိတ် ၁၃၀၀၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ငွေကျပ် ၁၅ သိန်း၊ ယုဇနကုမ္ပဏီလီမိတက်က ငွေကျပ် ၁၁၅၀၀၀၀ တန်ဖိုးရှိ ဟင်းသီးဟင်းရွက်ဆီ ပိဿာ ၄၀၀၊ မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ်၊ ဦးကျော်ဝင်း (ရွှေသံလွင် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)၊ ဦးတင့်စန်း (ACE ဆောက်လုပ်ရေးကုမ္ပဏီ လီမိတက်)နှင့် ဒေါက်တာခင်ရွှေ(ဇေကမ္ဘာ ကုမ္ပဏီလီမိတက်)တို့က ငွေကျပ် ၁၀သိန်းစီ၊ ဦးသိန်းဟန်၊ ဦးအောင်မြင့် (မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း)က ငွေကျပ် ၈၆၀၀၀၀ တန်ဖိုးရှိ မြေပဲဆီ ပိဿာ ၂၂၀၊ တနင်္သာရီတိုင်း ထားဝယ်ခရိုင် ရေဖြူမြို့နယ် နဘုလယ်ဒေသမှ အမျိုးသားညီလာခံ တောင်သူလယ်သမား ကိုယ်စားလှယ် ဦးမောင်လွင် ဦးဆောင်သော ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် လဲရောင်ကျေးရွာ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ငွေကျပ်ရှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။



အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲတွင် အလှူငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

### ပေးအပ်လှူဒါန်း

ထို့နောက် ဦးအောင်သန်းဦး (မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း)က ငွေကျပ် ၇၈၀၀၀၀ တန်ဖိုးရှိ ပေါ်ဆန်းမွှေးအိတ် ၃၀၊ ဦးစိုးမောင် (မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း)က ငွေကျပ် ၇၈၀၀၀၀ တန်ဖိုးရှိ ပေါ်ဆန်းမွှေးအိတ် ၃၀၊ မြန်မာမျက်မှန် ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုးပိုင်က ငွေကျပ် ၇၆၂၀၀၀ တန်ဖိုးရှိ အမျိုးသားညီလာခံ ပြည်ထောင်စုခန်းမကြီးပုံပါ မှတ်စုစာအုပ် ၁၂၀၀ နှင့် သော့တွဲ ၁၂၀၀၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက အမျိုးသားညီလာခံ၌ ဇူလိုင်လအတွင်း ပြသခဲ့သော ရုပ်ရှင်ကားပေါင်း ၁၆ ကားအတွက် အလှူငွေကျပ် ခုနစ်သိန်း၊ သမားတော်ကြီး ဦးလှရွှေ-သီရိသုဓမ္မသိင်္ဂီ ဒေါ်တင်နွယ်ဦး(မုန့်ချိုဆေးတိုက်)က ငွေကျပ် ၆၇၅၀၀၀ တန်ဖိုးရှိ မုန့်ချိုချောင်းဆိုးပျောက်ဆေး ပုလင်း ၄၈၀၀၊ အာရှကြီးပွားတိုးတက်ရေး ကုမ္ပဏီလီမိတက် အထွေထွေမန်နေဂျာ ဦးသန်းလွင်က ငွေကျပ် ၅၄၀၀၀၀ တန်ဖိုးရှိ ငါးမြစ်ချင်း အသားလွှာပိဿာ ၁၂၀၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းမှ အသင်းဝင်များဖြစ်ကြသော မန္တလေးတိုင်းအသင်းခွဲ၊ ဧရာဝတီတိုင်းအသင်းခွဲနှင့် ရခိုင်ပြည်နယ် ဆန်စပါးကုမ္ပဏီလီမိတက်တို့က ငွေကျပ် ၅၂၀၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၂၀ စီ၊ မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း၊ ဦးသန်းလွင် (မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း)၊ မြန်မာနိုင်ငံ ပင်လယ်ကမ်းဝေး ငါးဖမ်းလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် တင်ပို့ရောင်းချသူများအသင်း၊ ဒေါက်တာဇော်ထွန်း (ယူနီဗာဆယ်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်)၊ ဦးမောင်မောင် (Asia Express Co., Ltd.)၊ ဦးစိန်သစ် (Tosta Group ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်)၊ ဦးရန်ဝင်း(အေဝမ်း ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်)၊ ဦးမောင်မောင်(ရွှေကမ္ဘာဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်)၊ ဗိုလ်ကြီးဝင်းသိန်း (ငြိမ်း)- အေဝမ်းဒေါ်တင်တင်လှ(ဖွံ့ဖြိုးအောင်ကုမ္ပဏီလီမိတက်)၊ ဦးမောင်ဝိတ် (မောင်ဝိတ်မိသားစုကုမ္ပဏီ)၊ ဦးအောင်ဇော်ဝင်း(ရှိုင်းဆောက်လုပ်ရေးကုမ္ပဏီ)၊ မြန်မာနိုင်ငံ ပဲ၊ နှမ်းလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ လယ်ယာကိုင်းကျွန်းသီးနှံ စိုက်ပျိုးထုတ်လုပ်တင်ပို့သူများအသင်း၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း၊ ဒိုင်းမွန်းစတားကုမ္ပဏီလီမိတက်၊ ဦးထွန်းထွန်း (သိရောမဏီကျောက်မျက် ကုမ္ပဏီလီမိတက်)၊ ဒေါ်ရှဒေါင် ခေါင်တောင်(ဒါရိုက်တာ၊ Jade Land Myanmar Co., Ltd.)၊ ဒေါ်အက်စ်ခေါင်နန်း (ဥက္ကဋ္ဌ၊ May & Mark Jade Co., Ltd.)၊ ဦးအောင်သန်း-ဒေါ်ခင်သန်းဦး (ကံပွင့်အမွေးတိုင် မိသားစု)၊ ဦးဇော်ဝင်း (အရဏ်ဦးဆောက်လုပ်ရေး ကုမ္ပဏီ)၊ ဦးသက်နိုင်ဦး (Naing Group နှင့် ချယ်ရီဦးနာရီ ကုမ္ပဏီလီမိတက်)၊ ဦးကိုကိုထွေး (တော်ဝင် မိသားစု ဆောက်လုပ်ရေး)၊ ဦးအောင်ထွေး (Golden Flower Co., Ltd.)၊ မြန်မာနိုင်ငံ ဥယျာဉ်ခြံမြေ စိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဒေါက်တာတင်စိုးလင်းနှင့် ဦးရွှေကြိုင်(ဝါဝါဝင်းကုမ္ပဏီ) တို့က ငွေကျပ် ငါးသိန်းစီ၊ ဦးချစ်ခိုင် (အေးသာယာဂေါက်ကွင်း)က ငွေကျပ် လေးသိန်း၊ အဏ္ဏဝါရေလုပ်ငန်း ဦးပိုင်လီမိတက်မှ ငွေကျပ်လေးသိန်းတန်ဖိုးရှိ ငါးပိဿာချိန် ၂၀၀၊ ပထမဆန်သားရောင်းဝယ်ရေးကုမ္ပဏီ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းမှ အသင်းဝင်များဖြစ်ကြသော ပဲခူးတိုင်း (အရှေ့ပိုင်း)အသင်းခွဲ၊ ပဲခူးတိုင်း (အနောက်ပိုင်း)အသင်းခွဲ၊ စစ်ကိုင်းတိုင်းအသင်းခွဲ၊ မွန်ပြည်နယ်အသင်းခွဲနှင့် မကွေးတိုင်းအသင်းခွဲတို့က ငွေကျပ် ၃၉၀၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၁၅ အိတ်စီ၊ မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သီးနှံ ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးပြုံးက ငွေကျပ် ၃၃၆၀၀၀ တန်ဖိုးရှိ ကြက်သွန်နီ ပိဿာ ၇၀၀၊ ဦးညိုမင်း(မင်းဇာမဏီ ကုမ္ပဏီလီမိတက်)၊ ကိုအောင်ဇော်ရဲမြင့်-မအေးမြအောင်(ရဲတံခွန်ကုမ္ပဏီ)၊ ဦးအောင်ဇော်မြင့်-ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ ဒေါက်တာ စိန်မြင့် (ဆူပရင်းကုမ္ပဏီ)၊ ဦးကျော်ကျော်ဦး (KY ကျော်ကျော် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်)၊ ဦးမြင့်ဇော် (ငပလီ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်)၊ ဦးရှိန်ဝင်း (တက်လမ်းဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်)၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း၊ ဦးရန်ဝင်း (Panorama)၊ ဦးသန်းရွှေ (Zagawah Palace)၊ ဦးဖိုးလစ် (Yangon City Hotel)၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတရ ဦးကျော်မင်း၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း ဦးမောင်လှ(ခ) ဦးလှမြင့် (နိုင်နိုင်အောင် ကုမ္ပဏီလီမိတက်နှင့် တနင်္သာရီ ရေလုပ်ငန်း ကုမ္ပဏီလီမိတက်)၊ မြန်မာနိုင်ငံ ရေချိုငါးဖမ်းလုပ်ကိုင်သူများအသင်း ဥက္ကဋ္ဌ ဦးငြိမ်းမြိုင်၊ မြန်မာနိုင်ငံ ငါး၊ ပုစွန်အစာထုတ်လုပ် ရောင်းဝယ်သူများအသင်းဥက္ကဋ္ဌ ဦးအုန်းလွင်၊ မန္တလေးတိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် မန္တလေးတိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်တို့က ငွေကျပ်သုံးသိန်းစီ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ ကချင်ပြည်နယ်အသင်းခွဲနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းခွဲတို့က ငွေကျပ် ၂၆၀၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၁၀ အိတ်စီ၊ မြန်မာနိုင်ငံ အမျိုးသမီး စွမ်းဆောင်ရှင်များအသင်း၊ ငါးရှဉ့်လုပ်ငန်းရှင်များအသင်း၊ ကဏန်းလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ မွေးမြူရေး အစာအစာထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ဆီအုန်းလုပ်ငန်းရှင်များအသင်း၊ ဦးသိန်းဟံ(တိုကျိုပိုက်ကုမ္ပဏီလီမိတက်)၊ ဦးမောင်မောင်ကြီး (မောင်မောင်ကြီးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)၊ ဦးကျော်ညွန့်(ရွှေကျားပျံ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်)၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်များအသင်း၊ ဦးထွန်းမြင့်-ဒေါ်အေးအေးညွန့် (KSS နတ်သုဒ္ဓါဒံပေါက်)နှင့် ဦးလှရွှေ(မအူကုန်း) သစ်လုပ်ငန်းတို့က ငွေကျပ် နှစ်သိန်းစီ၊ ဦးကျော်မြင့် (Father Land Construction and Kyaw Myint Group Trading Co.,Ltd.) က ငွေကျပ် ၁၅၀၀၀၀၊ ဦးတင်မြင့် (Mother Land ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)၊ ဦးမြင့်အောင် (ဘကြီးမှုံ) (ST Group Company)၊ ဦးခင်အောင်ထွန်း (Tharabar Gate)၊ ဦးကျော်ထွန်း-ဒေါ်နွေးအေးအေးဝေ (Emerald Sea)၊ ဦးကိုကိုလေး-ဒေါ်ယဉ်ယဉ်ခိုင် (Emerald Land)၊ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၊ ဦးအောင်ခမ်းထိ (G.I.C Hotel+ Ruby Jade)၊ မြန်မာနိုင်ငံ အကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းနှင့် မြန်မာ ရွှေလုပ်ငန်းရှင်များအသင်းတို့က ငွေကျပ် တစ်သိန်းစီ၊ ဦးသိန်းရွှေ (Liberty)၊ ဦးကြည်လင်း (Silver View)နှင့် ဦးကြည်သိန်းကို (ရွှေအင်းသား)တို့က ငွေကျပ်ငါးသောင်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက အသီးသီးလက်ခံကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ဆက်လက်၍ စေတနာရှင် အလှူရှင်များကိုယ်စား အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးဝင်းမြင့်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ကိုယ်စား အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များသည် အလှူရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယနေ့ အခမ်းအနားတွင် အလှူရှင် ၁၀၄ ဦးတို့က ငွေကျပ် ၃၀၅၀၀၀၀၀ နှင့် ငွေကျပ် ၂၂၇၆၅၅၀၀ တန်ဖိုးရှိ ပစ္စည်းများအပါအဝင် လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ၅၃၂၆၅၅၀၀ ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## မုံရွာမြို့ ဆုတောင်းပြည့်မြတ်စွာဘုရားကြီး ပိဋကတ်စာကြည့်တိုက် စာပြန်ပွဲ/စာလျှောက်မေးပွဲကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၅**

မုံရွာမြို့ ဆုတောင်းပြည့် ပိဋကတ်စာကြည့်တိုက်ကြီး၏ အရည်အချင်းပြည့်မီသည့် စာသင်၊ စာချ ရဟန်းတော်များ၊ သာမဏေကျော်များ စဉ်ဆက်မပြတ်ပေါ်ထွန်းရေး ရည်မှန်း၍ စာလျှောက်မေးပွဲကို ၁၃၆၉ ခုနှစ် ပြာသိုလမှ စတင်ကာ ဆင်ယင်ကျင်းပမည်ဖြစ်ရာ ပိဋကာလင်္ကာရာဘိဝံသ ရဟန်းတော်များအတွက် လျှောက်လွှာများတင်ရမည့်ရက်မှာ နတ်တော်လပြည့်နေ့အထိဖြစ်ပြီး နှုတ်ထောက် အာဂုံစစ်ဆေးမည့်ရက်မှာ ပြာသိုလပြည့်ကျော် ၂ ရက်၊ ၃ရက်တွင်လည်းကောင်း၊ ရေးဖြေ(စာသင်တန်း)ကို ပြာသိုလပြည့်ကျော် ၅ ရက်မှ ၉ ရက်အထိလည်းကောင်း၊ ရေးဖြေ(စာချတန်း)ကို ပြာသိုလပြည့်ကျော် ၅ ရက်မှ ၉ ရက်အထိ (တစ်ရက်ခြား သုံးရက်) ကျင်းပမည်ဖြစ်သည်။

ပိဋကာလင်္ကာရ သာမဏေကျော်များအတွက် လျှောက်လွှာတင်ရမည့်ရက်မှာ နတ်တော်လပြည့်နေ့အထိဖြစ်ပြီး နှုတ်ထောက် အာဂုံစစ်ဆေးမည့်ရက်မှာ ပြာသိုလပြည့်ကျော် ၁၂၊၁၃၊၁၄ ရက်တွင်လည်းကောင်း၊ ရေးဖြေရမည့်ရက်မှာ တပို့တွဲလဆန်း ၁၊၂၊၃ ရက်တွင်လည်းကောင်း ကျင်းပမည်ဖြစ်ပြီး စာလျှောက်မေးပွဲကို မုံရွာမြို့ ဆုတောင်းပြည့်ဘုရားကြီး ဘောဂရံသီ ဝိပဿနာဓမ္မာရုံတွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ပြုလုပ်သွားမည်ဖြစ်သည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၇၁-၂၂၈၉၃၊ ၂၁၃၁၉ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းပြီး ပရိယတ္တိသာသနာပြု ကုသိုလ်ယူရန်အတွက် ပညာပဒေသာပင်များလည်း လှူဒါန်းပူဇော်နိုင်ကြောင်း သိရသည်။ **(က-ပ)**

## ပျော်ဘွယ်အရှင်ဝိသုဒ္ဓရုံသီ၏ လူငယ်ယဉ်ကျေးလိမ္မာတရားပွဲ

**ရန်ကုန် ဇူလိုင် ၂၅**

မြောက်ဥက္ကလာပမြို့နယ် မယ်လမုဘုရားအနီး ဓမ္မသိင်္ဂီပျော်ဘွယ် ပရိယတ္တိစာသင်တိုက်နှင့် မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်း ဓမ္မသိင်္ဂီပျော်ဘွယ် ပဋိပတ္တိသာသနာ့ရိပ်သာတို့၏ ပဓာနနာယက ဂန္ထဝါစကပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ ပြည်တွင်း ပြည်ပ သာသနာပြု ဓမ္မကထိက ပျော်ဘွယ်အရှင်ဝိသုဒ္ဓရုံသီသည် သန်လျင်မြို့ အထက(၁၊ ၂၊ ၃၊ ၄)တို့နှင့် အလယ်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူ လူငယ်များအား ဇူလိုင် ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် သန်လျင်မြို့ ဝိသုဒ္ဓါရာမ ချမ်းမြေ့သာယာအေးကျောင်းတိုက် ရွှေရတုဓမ္မာရုံကြီး၌ လူငယ်ယဉ်ကျေးလိမ္မာ တရားများ ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

အခြေခံပညာအလယ်တန်းပြ ဆရာများ သင်ကြားရေးမွမ်းမံသင်တန်းကို ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းတွင် ဇူလိုင် ၁၆ ရက်က ပြုလုပ်ရာ သင်တန်းမှူး ကျောင်းအုပ်ဆရာမကြီး ဒေါ်စောယုခင်က ပညာရေးစီမံကိန်းဆိုင်ရာ လုပ်ငန်းတာဝန်များကို အကျယ်တဝင့်ရှင်းလင်း ဆွေးနွေးစဉ်။ (၁၂၉)



## မြန်မာ့ရုပ်မြင်သံကြား

**၂၆-၇-၂၀၀၇ ရက် (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | သံသာချိုအေး မင်္ဂလာတေး |
| ၇း၅၅ | ၅။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက |
| ၈း၁၀ | ၆။ | အဆိုပြိုင်ပွဲ |
| ၈း၁၅ | ၇။ | အကပဒေသာ |
| ၈း၃၀ | ၈။ | International News |
| ၈း၄၅ | ၉။ | Let's Go |
| ၉း၀၀ | ၁၀။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၀၀ | ၁။ | စစ်ချီတေး စစ်သည်တေး |
| ၁၆း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆း၃၀ | ၃။ | တေးဂီတအစီအစဉ် |
| ၁၆း၄၅ | ၄။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(စိတ်ပညာအထူးပြု) [စိတ်ပညာ] |
| ၁၇း၀၀ | ၅။ | ချစ်စရာ့အရွယ်ကကြိုးသွယ် |
| ၁၇း၁၀ | ၆။ | နားဝင်ပီယံ သူ့လက်သံ |
| ၁၇း၂၀ | ၇။ | **သူနဲ့ပဲနေတော့မယ်** ငှက်ပျောကြော်၊ ကြူကြူသင်း (ဒါရိုက်တာ-ရွှေဦး MRTV) |
| ၁၇း၂၅ | ၈။ | တေးဂီတအစီအစဉ် |
| ၁၇း၃၅ | ၉။ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ |
| ၁၇း၄၅ | ၁၀။ | အာဆီယံနိုင်ငံများအချင်းချင်း ပေါင်းစပ်ဆောင်ရွက်ခြင်း (အာဆီယံယဉ်ကျေးမှု၊ ပြန်ကြားရေးကော်မတီနှင့် မြန်မာနိုင်ငံ) |
| ၁၈း၀၀ | ၁၁။ | ညနေခင်းသတင်း |
| ၁၈း၃၀ | ၁၂။ | မိုးလေဝသအခြေအနေ |
| ၁၈း၃၅ | ၁၃။ | သီရိဂေဟာ |
| ၁၉း၀၀ | ၁၄။ | Discovery |
| ၁၉း၁၀ | ၁၅။ | နိုင်ငံခြားဇာတ်လမ်းတွဲ **ဒုတိယအရွယ်၏ ချစ်မေတ္တာ** (အပိုင်း-၆) |
| ၂၀း၀၀ | ၁၆။ | ပြည်တွင်းသတင်း |
| | ၁၇။ | နိုင်ငံတကာသတင်းများ |
| | ၁၈။ | မိုးလေဝသအခြေအနေ |
| | ၁၉။ | မြန်မာရုပ်ရှင် **ရွှေမှုန်ကြဲတဲ့ မိုးကောင်းကင်** (အပိုင်း-၁) လူမင်း၊ ရာဇာနေဝင်း၊ သားညီ၊ ထက်ထက်မိုးဦး၊ စိုးမြတ်နန္ဒာ၊ ကြည်လဲ့လဲ့ဦး၊ မြင့်မြင့်ခင် (ဒါရိုက်တာ-နောင်ထွန်းလွင်၊ ညီညီထွန်းလွင်) |
| | ၂၀။ | နောက်တစ်နေ့အစီအစဉ် |
| | ၂၁။ | အစီအစဉ်ပြီး၏။ |

■ ကျောဖုံးမှ

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် နံနက် ၆ နာရီခွဲတွင် လမ်းမတော်မြို့နယ်နှင့် အလုံမြို့နယ်ကြား ကမ်းနားလမ်းရှိ ရွာသစ်ချောင်း ကျုံးကြီး ရေနုတ်မြောင်းသို့ ရောက်ရှိရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ရွာသစ်ချောင်းကျုံးကြီး ရေနုတ်မြောင်းအား မြစ်အတွင်း ရေစီးဝင်ရာတွင် အဟန့်အတားမဖြစ်စေရေး၊ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ ဝန်ထမ်းများက မြောင်းအတွင်းရှိ အမှိုက်သရိုက်နှင့် နုန်းများ တူးဖော်ဆယ်ယူ ဆောင်ရွက်နေသည်များကို ကြည့်ရှုစစ်ဆေးရာ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်အင်ဂျင်နီယာဌာန (လမ်း/တံတား) ဌာနမှူး ဦးဗိုလ်ဌေးတို့က ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် မြို့တော်ဝန်နှင့် တာဝန်ရှိသူများလိုက်ပါလျက် အလုံမြို့နယ် သီရိမင်္ဂလာဈေးအနီးရှိ ကွင်းကျောင်းချောင်း ရေနုတ်မြောင်းအတွင်း စည်ပင်ဝန်ထမ်းများက အမှိုက်သရိုက်နှင့် နုန်းများ တူးဖော် ဆယ်ယူနေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ရှင်းလင်းတင်ပြသည်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ရေနုတ်မြောင်းများအတွင်း အမှိုက်များ စွန့်ပစ်သည်များကို စစ်ဆေးကြပ်မတ်ပြီး လိုအပ်သလို အရေးယူ ဆောင်ရွက်ရေးအတွက် တာဝန်ရှိသူများအား မှာကြားသည်။

## ဖြည့်စွက်မှာကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ကမာရွတ်မြို့နယ်နှင့် လှိုင်မြို့နယ်ကြားဘုရင့်နောင်လမ်းရှိ ရွာမချောင်းရေနုတ်မြောင်းသို့ ရောက်ရှိကြပြီး စည်ပင်ဝန်ထမ်းများက ရေနုတ်မြောင်းအတွင်း အမှိုက်သရိုက်နှင့် နုန်းများ တူးဖော်ဆယ်ယူနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မရမ်းကုန်းမြို့နယ်နှင့် လှိုင်မြို့နယ် အကြား ဘုရင့်နောင်လမ်းရှိ သမိုင်းချောင်း ရေနုတ်မြောင်းသို့ ရောက်ရှိပြီး စည်ပင်ဝန်ထမ်းများက ရေနုတ်မြောင်းအတွင်းရှိ အမှိုက်သရိုက်နှင့် နုန်းများ တူးဖော်ဆယ်ယူနေမှုနှင့် ရေနုတ်မြောင်းပေါ်ရှိ ဘုရင့်နောင်လမ်းကျိုးပေါက်နေမှုအား စည်ပင်ဝန်ထမ်းများက ပြုပြင်နေသည်များကို ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာဌာန (လမ်း/တံတား)ဌာနမှူး ဦးဗိုလ်ဌေးနှင့် ရန်ကုန်တိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးကျော်သိန်းတို့က ရှင်းလင်းတင်ပြကြသည်။

## အရေးယူဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ယခုမြစ်ထွက်ပေါက် ရေနုတ်မြောင်းများမှာ မြို့နယ်အသီးသီးရှိ ရပ်ကွက်များမှ စီးဆင်းသည့်ရေများကို မြစ်အတွင်းသို့ ယင်းရေနုတ်မြောင်းများမှ တစ်ဆင့် ထုတ်နုတ်ပေးရသည့်အတွက် အရေးကြီးကြောင်း၊ ယင်းရေနုတ်မြောင်းများ ပိတ်ဆို့ပါက မြို့နယ် အသီးသီးရှိ ရပ်ကွက်များတွင် ရေနစ်မြုပ်မှုများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ ထို့ကြောင့် ယင်းရေနုတ်မြောင်းများ မပိတ်ဆို့စေရေးအတွက် တာဝန်ရှိသူ အဆင့်ဆင့်က စစ်ဆေးကြပ်မတ် သွားကြရမည်ဖြစ်ကြောင်း၊ ရေနုတ်မြောင်းများကို ကွန်ကရစ်ရေနုတ်မြောင်းများအဖြစ် အဆင့်မြှင့်ဆောင်ရွက်ရန်လိုကြောင်း၊ ရေနုတ်မြောင်းများ မပိတ်ဆို့စေရေးအတွက် ရေနုတ်မြောင်းများအတွင်း အမှိုက်စွန့်ပစ်နေသူများအား စစ်ဆေးဖော်ထုတ်ပြီး လိုအပ်သလို အရေးယူ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် မှာကြားပြီး နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

# နိုင်ငံခြားရေးဝန်ကြီး ဦးညဏ်ဝင်း မော်လ်ဒိုက်ဗ်နိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၂၆**

၂၀၀၇ခုနှစ် ဇူလိုင် ၂၆ရက်တွင် ကျရောက်သော မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ၏ (၄၂)နှစ်မြောက် နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ အာမက်ရှာဟိဒ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ဝါဆိုသင်္ကန်းလှူဒါန်းမည်

**ရန်ကုန် ဇူလိုင် ၂၅**

လှည်းကူးမြို့နယ် ကံ့ကော်ကျွန်းတောရ ရိပ်သာကျောင်းတိုက် ဝါဆိုသင်္ကန်းလှူဒါန်းပွဲကို ဦးအုံးကူး၊ ဦးလှသိန်းကျော်၊ ဦးဖိုးလှမင်း မိသားစုတို့က ဦးဆောင်၍ စေတနာရှင် အလှူရှင်များက ဒုတိယဝါဆိုလပြည့် (ဇူလိုင် ၂၉ရက်) တနင်္ဂနွေနေ့တွင် ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဖုန်း-၀၉-၅၀၀-၁၀၈၀၊ ၅၄၂၇၇၁၊ ၀၉-၅၁၇-၇၇၂၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# မအူပင် အထက(၁) ကျောင်းဆောင်သစ်ဖွင့် ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်ချီးမြှင့်

ရန်ကုန် ဇူလိုင် ၂၅

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဇူလိုင်၂၂ရက် မွန်းလွဲပိုင်းက မအူပင်မြို့နယ်အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်(ချင်းတွင်းဆောင်) ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။**

ရှေးဦးစွာ ကျောင်းဆောင်သစ် ဖွင့်ပွဲအား ပညာရေးဝန်ကြီးဌာန အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူ၊ စည်းပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးခင်လတ်နှင့် မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဌေးဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်က ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဝန်ကြီးနှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းဆောင်သစ်အား လှည့်လည်ကြည့်ရှုကြသည်။

## ကျေးဇူးတင်စကားပြော

ထို့နောက် အခမ်းအနားဒုတိယပိုင်းအား ဆက်လက်ကျင်းပရာ ကျောင်းဆောင်သစ်ဆောက်လုပ်မှု အခြေအနေကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးကြင်ဝင်းက ရှင်းလင်းတင်ပြပြီး အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူက ကျောင်းဆောင်သစ် ဆောက်လုပ်မှုနှင့် ပညာရေးကဏ္ဍဆောင်ရွက်ပေးနေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကာ ပညာရေးဝန်ကြီးဌာနသို့ ပူးပေါင်းကူညီဆောင်ရွက်ပေးမှုအပေါ် ကျေးဇူးတင်စကား ပြောကြားသည်။

## လက်ခံရယူ

ဆက်လက်ပြီး ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် **(အပေါ်ပုံ)**က အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ပညာရေးကဏ္ဍများတွင် အဆင့်မြှင့်တင်ဆောင်ရွက်ပေးမှုများနှင့် ကျောင်းဆောင်များ ရေရှည်အသုံးပြုနိုင်အောင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက မိဘ ဆရာအသင်း ပူးပေါင်း၍ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို ရှင်းလင်းမှာကြားသည်။ ထို့နောက်မအူပင် အထက(၁) ကျောင်းသား ကျောင်းသူဟောင်းများ၊ အလှူရှင်များ၏ စုပေါင်း လှူဒါန်းငွေကျပ် ၁၂သိန်းကို အလှူရှင်များကိုယ်စား ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်မှပေးအပ်လှူဒါန်းရာ အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူက လက်ခံရယူသည်။

ဆက်လက်၍ အမှတ်(၁)အခြေခံပညာအထက်ကျောင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ စုပေါင်းလှူဒါန်းငွေကျပ် ၅၄ သိန်း ၈ သောင်းအား ကျောင်းအုပ်ဆရာကြီး ဦးလှမြင့်တင်က လှူဒါန်းရာ တိုင်းပညာရေးမှူး(စစ်ဆေးရေး)ဦးတင်မြင့်က လက်ခံယူသည်။

ထို့နောက်မအူပင်မြို့နယ်အသင်း (ရန်ကုန်)၊ ဦးထွန်းမြင့်နှင့် မြေများ (တလုပ်လပ်အရှေ့)မအူပင်မြို့မှ ငွေကျပ် သုံးသိန်းစီ၊ ဦးမြင့်အောင်-ဒေါ်မြင့်ဝင်းမိသားစုမှ ငွေကျပ်နှစ်သိန်းနှင့် ဦးစိန်ဝင်း-ဒေါ်မြင့်မြင့်သိန်းမိသားစု၊ ဦးအောင်ကျော်ထူး-ဒေါ်နွဲ့နွဲ့ဝင်း မိသားစု၊ ဦးဌေးဝင်း-ဒေါ်တင်နွယ်ရီ မိသားစု၊ ဆရာဦးရွှေမိသားစု၊ ဦးသိန်းမောင်-ဒေါ်ငွေကျော့မိသားစု၊ ဒေါ်ကျင်နွဲ့ မိသားစု၊ ဦးလှဝင်း(သီရိရတနာသစ်ဆိုင်)-ဒေါ်ကြည်ကြည်ဝင်း မိသားစု၊ ဗိုလ်မှူးတင်ချို(ငြိမ်း)-ဒေါ်ငယ်ငယ် မိသားစု၊ ဦးသန်းတင်-ဒေါ်ရင်မိသားစု၊ ဒေါ်ဝင်းဝင်းသန်းနှင့် မောင်နှမများတို့မှ စုပေါင်းအလှူငွေ ကျပ် ၁၂ သိန်း နှစ်သောင်းတို့အား ပေးအပ်လှူဒါန်းရာ ခရိုင်ပညာရေးမှူး ဦးစိုးမြင့်သိန်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌဦးကြင်ဝင်းနှင့် မိဘဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးဌေးဝင်းတို့က လက်ခံရယူကြသည်။

## ပူးပေါင်းတည်ဆောက်

အဆိုပါ ကျောင်းဆောင်သစ် အဆောက်အအုံသစ်မှာအလျား၁၃၀ပေ၊ အနံ ပေ၃၀၊ အမြင့် ၂၄ ပေရှိ နှစ်ထပ်အုတ်ညှပ်အဆောက်အအုံဖြစ်ပြီး ပညာရေးဝန်ကြီးဌာန အမှတ်(၁) အခြေခံပညာဦးစီးဌာနမှ မတည်ငွေကျပ် သိန်း ၁၄၀ နှင့် အလှူရှင်များလှူဒါန်းငွေများနှင့် ပူးပေါင်းကာ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။





၎င်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် ကျိုက်လတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံရာ ရှေးဦးစွာ အမှုဆောင်အရာရှိဦးတင်မိုးလှိုင်မှ မြို့ပြနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်းပြီးလည်းကောင်း၊ ကျိုက်လတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ထင်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးချစ်တို့မှ မြို့နယ်၏ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှုများနှင့် လိုအပ်ချက်များအား ရှင်းလင်းတင်ပြခြင်းအပေါ် ဝန်ကြီးက လိုအပ်သည်များ ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဖျာပုံမြို့သို့ရောက်ရှိပြီး ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးချစ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံမှာကြားသည်။

## တွေ့ဆုံ

ယင်းနောက်ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ညပိုင်းတွင်ဖျာပုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမတွင် တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်တင်မြင့်နှင့် အလုပ်အမှုဆောင်များ၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်နှင့် ဘိုကလေးမြို့နယ်အသင်းတို့မှ အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များနှင့် တွေ့ဆုံသည်။ **(သတင်းစဉ်)**

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ပြန်ကြားရေးနှင့်သတင်းထုတ်ပြန်ရေးဆပ်ကော်မတီစည်းဝေး



ရန်ကုန် ဇူလိုင် ၂၅

**(၁၅) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေး ဆပ်ကော်မတီ ပထမအကြိမ် အစည်းအဝေးကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပရာ ဆပ်ကော်မတီဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့်ဆပ်ကော်မတီဝင်များ တက်ရောက်ကြသည်။**

## ရှင်းလင်းပြောကြား

ရှေးဦးစွာ ဆပ်ကော်မတီဥက္ကဋ္ဌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက (၁၅) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ခမ်းခမ်းနားနားကျင်းပသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဆပ်ကော်မတီ အတွင်းရေးမှူး မြန်မာ့အသံနှင့်ရုပ်မြင် သံကြားညွှန်ကြားရေးမှူး (ရုပ်မြင်) ဦးမြင့်ဦးက ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေး ဆပ်ကော်မတီ၏ အဖွဲ့ခွဲများ ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရုပ်မြင်သံကြားနှင့် အသံလွှင့်အဖွဲ့၊ သတင်းထုတ်ပြန်ရေးအဖွဲ့၊ အသံအဖွဲ့၊ ရုပ်ရှင်မှတ်တမ်းတင်ရေးအဖွဲ့၊ ပိုစတာ၊ ပို့စကတ်၊ လက်ကမ်းစာစောင်နှင့် နေ့စဉ်သတင်းလွှာ မျက်နှာဖုံးရေးဆွဲရေးနှင့် ရိုက်နှိပ်ရေးအဖွဲ့၊ နေ့စဉ်သတင်းလွှာ ထုတ်ပြန်ရေးအဖွဲ့၊ မှတ်တမ်းတင် စာအုပ်ပြုစု ထုတ်ဝေရေးအဖွဲ့၊ မြေစိုက်ပိုစတာ စိုက်ထူရေးအဖွဲ့၊ အုပ်ချုပ်ထောက်ပံ့မှုအဖွဲ့တို့က မိမိတို့ တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေများကို တင်ပြကြသည်။

ထို့နောက် ဆပ်ကော်မတီ ဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက နိုင်ငံတော်က ကြီးမှူးကျင်းပမည့် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကြီး အစမှပြီးဆုံးသည်အထိ အောင်အောင်မြင်မြင် ပြီးစီးသွားရေးအတွက် ပြန်ကြားရေးနှင့်သတင်းထုတ်ပြန်ရေး ဆပ်ကော်မတီတွင် ပါဝင်သည့်အဖွဲ့အသီးသီးသည် မိမိတို့ကျရာ အခန်းကဏ္ဍအသီးသီးမှ ကျေပွန်စွာ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး ညနေပိုင်းတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၇ ခုနှစ် ဇူလိုင်လအတွက် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)**

(၂၉-၇-၂၀၀၇)ရက်နေ့

**၂၀၀၇ခုနှစ် ဩဂုတ်လအတွက်**

(၁၂-၈-၂၀၀၇)ရက်နေ့ နှင့် (၂၆-၈-၂၀၀၇)ရက်နေ့

# သီလကွန်နှင့် ပါရာဇိကကဏ်ပို့ချမည်

**ရန်ကုန် ဇူလိုင် ၂၅**

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် သာစုပရိယတ္တိစာသင်တိုက်ရှိ ရန်ကုန်ဗုဒ္ဓတက္ကသိုလ်မှ ဘဒ္ဒန္တ တေဇောသာရာဘိဝံသ(ရွှေညဝါ)သည် ဇူလိုင် ၂၆ ရက်မှ စတင်၍ ဥပုသ်နေ့မှအပ နေ့စဉ် မွန်းလွဲ ၁ နာရီတွင် သီလကွန်နှင့် ပါရာဇိကကဏ်တို့ကို အဆိုပါ စာသင်တိုက်ရှိ ရွှေညဝါ ပညာဗိမာန် ကျောင်းတော်၌ ပို့ချမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

# NLD ပါတီကို ယုံကြည်မှုမရှိ၊ ပါတီ၏လုပ်ရပ်များကို စိတ်ဝင်စားမှုမရှိတော့သဖြင့် အရာတော်မြို့နယ်မှ ပါတီဝင် ၈၃ ဦး စုပေါင်းနုတ်ထွက်

**ရန်ကုန် ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်း အရာတော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးဇော်နိုင်ဝင်း၊ ဦးချစ်သန်း၊ ဦးကြီးညို၊ ဦးဇော်မြင့်နိုင်နှင့် ဒေါ်ခင်သန်းတို့အပါအဝင် ပါတီဝင် ၈၃ ဦးတို့သည် ဇူလိုင် ၁၅ ရက်တွင် ၎င်းတို့ သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများ ရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့အနေဖြင့် NLD ပါတီကိုယုံကြည်မှုမရှိတော့ကြောင်း ပါတီ၏လုပ်ရပ်များကို စိတ်ဝင်စားမှု မရှိတော့သဖြင့် ၎င်းတို့ဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**






# တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီးဗိုလ်ချုပ်ဌေးဦး စိုက်ပျိုးဖြစ်ထွန်းနေသည့် ခြစည်းရိုးကြက်ဆူစိုက်ခင်း ကြည့်ရှု

**နေပြည်တော် ဇူလိုင် ၂၅**

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇူလိုင် ၂၂ရက် နံနက်ပိုင်းက မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် သစ်တောဦးစီးဌာန ညောင်ဝန်းသို့ရောက်ရှိကြပြီး စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော ခြစည်းရိုးကြက်ဆူစိုက်ခင်း လေးဧကကို ကြည့်ရှုအားပေးကြပြီး **(အောက်ပုံ)** လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် စဉ့်ကူးမြို့နယ် ရွှေပြည်စံပြကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာသူ ကျေးရွာသားများ စုပေါင်းစိုက်ခင်း တည်ထောင်ထားသည့် ခြစည်းရိုးကြက်ဆူပင် စိုက်ခင်း လေးဧက ဖြစ်ထွန်းသီးပွင့်မှုကို ကြည့်ရှုအားပေးရာ တာဝန်ရှိသူများနှင့် စိုက်ခင်းတာဝန်ခံတို့က စုပေါင်း စိုက်ပျိုးမှုအတွေ့အကြုံနှင့် ဖြစ်ထွန်းအောင်မြင်မှု ထပ်မံတိုးချဲ့စိုက်ပျိုးမည့် အစီအစဉ်တို့ကို ရှင်းလင်း တင်ပြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များ၊ ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ဟိုင်းကြီးကျွန်း ကျုံကူးကျေးရွာတိုက်နယ်ဆေးရုံဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ဖွင့်လှစ်ပေး ဆေးရုံသုံးပစ္စည်းနှင့် အလှူငွေများပေးအပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၅

**ဧရာဝတီတိုင်း ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်း ကျုံကူးကျေးရွာ တိုက်နယ်ဆေးရုံဖွင့်ပွဲကို ဇူလိုင် ၁၁ ရက် နံနက် ၈ နာရီက ကျင်းပသည်။**

အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရ မြင့်အောင်၊ ပမ္မဝတီ ရေတပ်စခန်းဌာန ချုပ်မှူး ဗိုလ်မှူးချုပ် မျိုးမြင့်သန်း၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီး များ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းဝင်များ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ ဆေးရုံမှုခ်ဦးအား ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် တိုင်းကျန်းမာရေးဦးစီးဌာန ဒုတိယ ဦးစီးမှူး ဒေါက်တာတင်မောင်ချစ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

၎င်းနောက် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်က ဆေးရုံဆိုင်းဘုတ် ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ ဆေးရုံသစ်အတွင်းသို့ ဝင်ရောက်ကြည့်ရှု စစ်ဆေးသည်။

## အမှာစကား ပြောကြား

ဆက်လက်၍ ဆေးရုံသုံးပစ္စည်း များနှင့် အလှူငွေများ ပေးအပ်ပွဲကို ကျုံကူး အခြေခံပညာ အထက်တန်း ကျောင်းခန်းမ၌ကျင်းပရာ တိုင်းမှူးက အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်ထံသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက လှူဒါန်းငွေကျပ် ငါးသိန်း ကို အဖွဲ့ဝင် ရဲမှူးကြီး သူရတင်လှက လည်းကောင်း၊ ပမ္မဝတီရေတပ်စခန်း ဌာနချုပ်မှ လှူဒါန်းငွေကျပ် နှစ်သိန်း ကို ပမ္မဝတီ ရေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ် မျိုးမြင့်သန်းက လည်း ကောင်း၊ ပုသိမ်ခရိုင်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းငွေ ကျပ်သုံးသိန်းကို ပုသိမ်ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းဝင်းက လည်းကောင်း၊ ငပုတောမြို့နယ် အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းငွေကျပ် နှစ်သိန်းကို ငပုတောမြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဌေးကျော်က လည်းကောင်း ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ ပမ္မဝတီရေတပ်စခန်း ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်သန်းထံ သို့ ဟိုင်းကြီးကျွန်း ကျေးရွာအုပ်စုများမှ လှူဒါန်းငွေ ကျပ်နှစ်သိန်းကို အုပ်ချုပ် ရေးမှူး ဦးကျော်စိုးထင်က လည်းကောင်း၊ ပျားဝတ်ရည် အင်တာပရိုက်(စ်)မှ လှူဒါန်းငွေကျပ် ငါးသိန်းကို ဦးချိုကြီး က လည်းကောင်း၊ ခွဲစိတ်ခန်းအတွက် လေအေးပေးစက်တစ်လုံးနှင့် အောက် ဆီဂျင်စက် တစ်လုံးကို ပျားဝတ်ရည် အင်တာပရိုက်(စ်)မှ ဒေါ်ကြူကြူက လည်းကောင်း၊ ရောင်ခြည်ထွန်းတောက် ကုမ္ပဏီမှ လှူဒါန်းငွေကျပ် ငါးသိန်းကို ဒုတိယဗိုလ်မှူးကြီးလှသွင်(ငြိမ်း) က လည်းကောင်း၊ ပုသိမ်သားကုမ္ပဏီမှ လှူဒါန်းငွေကျပ် နှစ်သိန်းကို ကိုယ်စား လှယ်တစ်ဦးက လည်းကောင်း၊ ဆက် လက်၍ တိုင်းရဲတပ်ဖွဲ့မှူးရဲမှူးကြီး သူရ တင်လှနှင့် ဒုတိယတိုင်း ကျန်းမာရေး ဦးစီးမှူး ဒေါက်တာတင်မောင်ချစ်တို့ ထံသို့ အလှူရှင်များက အလှူငွေများ ပေးအပ်ကြကာ ဒေသခံပြည်သူ တစ်ဦး က ကျေးဇူးတင်စကား ပြန်လည်ပြော ကြားသည်။

## အလှူငွေများပေးအပ်

ယနေ့ကျင်းပသော ဆေးရုံသုံး ပစ္စည်းများနှင့် အလှူငွေများပေးအပ် ပွဲတွင် လေအေးပေးစက် တစ်လုံး၊ အောက်ဆီဂျင်စက်တစ်လုံးနှင့် အလှူရှင် ၃၀ ၏ ဆေးပဒေသာပင် လှူဒါန်းငွေ ကျပ် ၃၈၅၀၀၀၀ ဖြစ်ကြောင်း သိရ သည်။ **(သတင်းစဉ်)**



# ကမာနတ်(ပဲခူး) ပင်မဓာတ်အားခွဲရုံစီမံကိန်း ဒေသအတွင်းအချက်အချာကျ ဓာတ်အားလိုင်း ချိတ်ဆက်မှုအတွက်လည်း အရေးပါ

## နည်းပညာနှင့် အတွေ့အကြုံများ ပေါင်းစပ်၍ စနစ်တကျတည်ဆောက်

ရန်ကုန် ဇူလိုင် ၂၅

**အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇူလိုင်၂၃ရက်က တာဝန်ရှိသူများ လိုက်ပါလျက် ပဲခူးတိုင်း ကမာနတ်(ပဲခူး) ပင်မဓာတ်အားခွဲရုံသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။**

ဝန်ကြီးနှင့်အဖွဲ့အား ကမာနတ် (ပဲခူး)ပင်မဓာတ်အားခွဲရုံ ရှင်းလင်းခန်းမ ၌ ဓာတ်အားပို့လွှတ်ရေး စီမံကိန်း (တောင်ပိုင်း) စီမံကိန်းမန်နေဂျာ ဦးစော





ဝင်းမောင်က ကမာနတ်(ပဲခူး) ပင်မ ဓာတ်အားခွဲရုံမှ တောင်ငူ–ရန်ကုန် ဓာတ်အားလိုင်း၊ ဘုရားကုန်း(သန်လျင်) ဓာတ်အားခွဲရုံ၊ မြောင်းတကာ(မှော်ဘီ) ဓာတ်အားခွဲရုံ၊ သာယာတန်းဓာတ် အားခွဲရုံနှင့် လှော်ကားဓာတ်အားခွဲရုံ များသို့ ဓာတ်အားပို့လွှတ်ဖြန့်ဝေနေမှု အခြေအနေများ၊ ကမာနတ်(ပဲခူး) ပင်မ ဓာတ်အားခွဲရုံနှင့်မြောင်းတကာ(မှော်ဘီ) ဓာတ်အားခွဲရုံသို့ 230 KV ဓာတ်အား လိုင်းတိုင် ၄၁ တိုင်အား ဓာတ်အားလိုင်း စိုက်ထူသွယ်တန်းရန်အတွက် ကွင်းဆင်း စစ်ဆေး လိုင်းအူကြောင်း တိုင်းတာ ပြီးစီးမှုအခြေအနေ၊ ကမာနတ် (ပဲခူး) ဓာတ်အားခွဲရုံမှဘုရားကုန်း (သန်လျင်) ဓာတ်အားခွဲရုံသို့ 230KV ဓာတ်အား လိုင်း ၅၉မိုင် ဖြဖလုံးအား တာဝါတိုင် ၂၇၁တိုင် ဖောင်ဒေးရှင်းလုပ်ငန်းများ ဆောင်ရွက်သွားမည့် အခြေအနေ များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကမာနတ်(ပဲခူး) ပင်မ ဓာတ်အားခွဲရုံ ခွဲရုံမှူး ဦးအေးညိမ်း နှင့်မဟာဓာတ်အားလိုင်းမှူး(ပဲခူး) ဦးလှ မြင့်တို့က လုပ်ငန်းဆိုင်ရာများကို သက် ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်အတွင်း နောင်အနာဂတ်တွင် လျှပ်စစ်ဓာတ် အား ကြီးမားကျယ်ပြန့်လာမှုအတွက် စနစ်တကျ ထိန်းချုပ်ဓာတ်အားဖြန့်ဖြူး ပေးနိုင်ရန် မျှော်မှန်းပြီး ဓာတ်အားခွဲရုံ များ ဖြန့်ကြက်၍ ကွန်ရက်သဖွယ် တိုးချဲ့တည်ဆောက်ပေးနေခြင်း ဖြစ် ကြောင်း၊ ကမာနတ်(ပဲခူး) ပင်မဓာတ် အားခွဲရုံ စီမံကိန်းလုပ်ငန်းသည် ဒေသ အတွင်း အချက်အချာကျပြီး (Na- tional Gread) ဓာတ်အားလိုင်း ချိတ် ဆက်မှုအတွက်လည်း အရေးပါသော ပင်မဓာတ်အားခွဲရုံ တစ်ရုံဖြစ်ကြောင်း၊ ပြောင်းလဲ တိုးတက်လာမှု အပေါ် အနာဂတ်ကိုမျှော်မှန်းပြီး နည်းပညာနှင့် အတွေ့အကြုံများ ပေါင်းစပ်၍ စနစ် တကျ တည်ဆောက် လုပ်ဆောင်သွား ကြရန် လိုအပ်ကြောင်းဖြင့် အကျယ် တဝင့်ရှင်းလင်းမှာကြားပြီး လိုအပ်သည် များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့်နှင့် တာဝန်ရှိသူများသည် ပဲခူး(အရှေ့) တိုင်းလျှပ်စစ်အင်ဂျင်နီယာ ရုံးသို့ရောက်ရှိရာ ရှင်းလင်းခန်းမ၌ တိုင်း လျှပ်စစ်အင်ဂျင်နီယာ ဦးရဲမြင့်က ပဲခူး ခရိုင်အတွင်း 230/33/11KV ဓာတ် အားခွဲရုံသုံးရုံမှ 33 KV One Line Diagramဖြင့်လျှပ်စစ်ဓာတ်အား ဖြန့် ဖြူးပေးနေမှု၊ လက်ခံရရှိမှု အခြေအနေ များကိုလည်းကောင်း၊ ခရိုင်လျှပ်စစ် အင်ဂျင်နီယာ အင်ဂျင်နီယာမှူးဦးစိုးမြင့် က ပဲခူးခရိုင်အတွင်း ဓာတ်အားခွဲရုံသုံးရုံ တည်ရှိနေမှု၊ ဓာတ်အားလိုင်းများ သွယ် တန်းထားရှိမှုနှင့် ဓာတ်အားဖြန့်ဖြူး ပေးနေမှု အခြေအနေများ၊ ဓာတ်အား ခွဲရုံနှင့် ဓာတ်အားလိုင်းအသစ် တိုးချဲ့ တည်ဆောက်သွားမည့် System Improvement လုပ်ငန်းများ အခြေ အနေ၊ ဓာတ်အားခကောက်ခံရရှိမှုနှင့် ဘဏ္ဍာငွေတိုးတက်စေရေးဆောင်ရွက် နေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

## ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် ဝန်ကြီးက ပဲခူးတိုင်း၊ ခရိုင်၊ မြို့နယ်လျှပ်စစ်ဝန်ထမ်းများနှင့် တွေ့ဆုံ အမှာစကား ပြောကြားပြီး **(အပေါ်ဝဲပုံ)** တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက် ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် တာဝန်ရှိသူများ ဇူလိုင် ၂၁ရက်က အမှတ် (၂၈)၊အမှတ် (၃၈)နှင့် အမှတ် (၄၄)ရပ်ကွက်များတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (က–ပ)





# တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း ကြက်ဆူပင်စိုက်ပျိုးပွဲ တက်ရောက်ချီးမြှင့် မျိုးကိုင်းနှင့် ပျိုးပင်များ ဝေငှပေးပြီး အမှတ်တရစိုက်ပျိုးပေး

ရန်ကုန် ဇူလိုင် ၂၅

**သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါများ ကြိုတင်ကာကွယ်ရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းဆောင်ရွက်မှုများ၊ မိုးရာသီသစ်ပင်နှင့် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲများနှင့် တစ်မိုးနှစ်သီးစိုက်ခင်းအတွင်း ငါးမျိုးများ စိုက်ထည့်ခြင်း အခမ်းအနားများကို ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့် ဇနီးဒေါ်မာမာဝေတို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။** (အပေါ်ပုံ)

## တင်ပြ

ရှေးဦးစွာ တိုင်းမှူး၊ ဇနီး ဒေါ်မာမာဝေနှင့် အဖွဲ့သည် နံနက် ၇ နာရီခွဲတွင် တိုက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ရန်ကုန်တိုင်း ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှမြင့်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဒေါ်အေးအေးမူနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်တို့က ရန်ကုန်တိုင်းအတွင်း ရောဂါဖြစ်ပွားမှုနှင့် ကြိုတင်ကာကွယ်ရေးနှင့် ကုသမှုအခြေအနေများ၊ မြို့နယ်အတွင်း ရောဂါကြိုတင်ကာကွယ်ရေး၊ မြို့နယ်အတွင်း ရေဝပ်မှုမရှိစေရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်မှုများကို တင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းမှာကြားပြီး ဆေးရုံတက်လူနာများအား လှည့်လည်ကြည့်ရှုအားပေး၍ ထောက်ပံ့ငွေများ ပေးအပ်ကာ တိုက်ကြီးမြို့နယ် ဇောဓိကုန်းရပ်ကွက် မျိုးချစ်လမ်းနှင့် ပညာဝတီလမ်းတစ်လျှောက် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ၊ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရေဝပ်မှု မရှိစေရေး၊ ရေစီးရေလာ ကောင်းမွန်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

## အားပေးချီးမြှင့်

ယင်းနောက် တိုင်းမှူး၊ ဇနီး ဒေါ်မာမာဝေနှင့် အဖွဲ့သည် တိုက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ရန်ကုန်မြောက်ပိုင်းခရိုင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ပညာပေးနည်းပြသင်တန်း ဖွင့်ပွဲသို့ တက်ရောက်အားပေး ချီးမြှင့်သည်။

## ပညာပေးပိုစတာ

အစီအစဉ်အရ တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက အဖွင့်အမှာစကားပြောကြား၍ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက သင်တန်းအတွက် ထောက်ပံ့ငွေကျပ်နှစ်သိန်းနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အသိပညာပေးစာစောင်များ ပေးအပ်ရာ ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းရွှေက လက်ခံပြီး တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှမြင့်က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးဆိုင်ရာ ပညာပေးပိုစတာများ ပေးအပ်ရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးအေးမူက လက်ခံသည်။

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက တိုက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံအတွက် ငွေပဒေသာပင် ငွေကျပ် ၁၀ သိန်းနှင့် တိုက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ကိုးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးအေးမူက လက်ခံ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း၊ ဇနီး ဒေါ်မာမာဝေနှင့် အဖွဲ့သည် ရန်ကုန်မြောက်ပိုင်းခရိုင်၏ ၂၀၀၇ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်အားပေး ချီးမြှင့်ကြသည်။

## ကြည့်ရှုအားပေး

အစီအစဉ်အရ တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက အမှာစကားပြောကြား၍ ရန်ကုန်တိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဝင်းက သစ်တောများ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး၊ ဇနီး ဒေါ်မာမာဝေနှင့် တာဝန်ရှိသူများက မိုးရာသီစိုက်ပျိုးမည့် ပျိုးပင်များကို ဝေငှကာ ရတနာတန်းဝင်အပင်နှင့် အရိပ်ရလေကာပင်များကို အမှတ်တရ စိုက်ပျိုးပေးကြပြီး လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ တပျော်တပါးစုပေါင်း၍ သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းမှတစ်ဆင့် တိုင်းမှူး၊ ဇနီး ဒေါ်မာမာဝေနှင့် အဖွဲ့သည် ရန်ကုန်မြောက်ပိုင်းခရိုင်၏ ၂၀၀၇ ခုနှစ် မိုးရာသီ ကြက်ဆူစိုက်ပျိုးပွဲကို တက်ရောက်အားပေးချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း၊ ဇနီး ဒေါ်မာမာဝေနှင့် တာဝန်ရှိသူများက ခြံစည်းရိုးကြက်ဆူမျိုးစေ့၊ မျိုးကိုင်းနှင့်ပျိုးပင်များ ဝေငှပေးအပ်၍ ခြံစည်းရိုးကြက်ဆူပျိုးပင်များကို အမှတ်တရစိုက်ပျိုးပေးပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ တပျော်တပါး စုပေါင်း၍ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးနေမှုများ၊ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ကျွန်းပျိုးပင်ပေါက်စိုက်ခင်းနှင့် Jinma ထွန်စက်ဖြင့် မြေကြီး ကျင်းတူးပြသမှုတို့ကို ကြည့်ရှုအားပေးသည်။ **(သတင်းစဉ်)**

# ရွှေတိဂုံစေတီတော် ဝါတွင်းကာလ သီလခံယူပွဲများ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၅**

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ ဝါတွင်းကာလဖြစ်သော (၁၃၆၉ ခုနှစ် ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ) ဝါတွင်းသုံးလပတ်လုံး ဝါတွင်းကာလ ဥပုသ်နေ့များတွင် သီတင်းသီလ ဆောက်တည်မှုလွယ်ကူစေရန် သီလခံယူပွဲများ စီစဉ်ကျင်းပပေးမည်ဖြစ်ပြီး ဗုဒ္ဓဝါသဆိုင်ရာ နေ့ထူးနေ့မြတ် အခမ်းအနားများဖြစ်သော ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့)တွင် ရင်ပြင်တော်ပေါ်ရှိ ဗုဒ္ဓရုပ်ပွားတော် ငါးဆူအား ရွှေကြာသင်္ကန်း လှည့်လည်ကပ်လှူခြင်း၊ ဓမ္မစကြာ ဒေသနာတော်များ ရွတ်ဆိုပူဇော်ခြင်း၊ ဝါခေါင်လပြည့်နေ့တွင် ပန်းစေတီ၊ ပန်းပဒေသာပင်များဖြင့် လှည့်လည်ပူဇော် ဆက်ကပ်ခြင်း၊ မေတ္တာသုတ် ပရိတ်တော်များရွတ်ဆိုခြင်း၊ တော်သလင်းလပြည့်နေ့တွင် ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်ခြင်း၊ ဂရုဓမ္မတရားတော်များနာကြားခြင်း၊ သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)တွင် ဆီမီးရောင်စုံများကို အခမ်းအနားဖြင့် လှည့်လည်ပူဇော်ခြင်း၊ စောင်းတန်းလေးသွယ်တွင် လျှပ်စစ်မီးရောင်စုံများ ထွန်းညှိပူဇော်ခြင်း၊ အဘိဓမ္မာတရားတော်များ နာကြားခြင်းများကို ကျင်းပမည်ဖြစ်ကြောင်းနှင့်လပြည့်နေ့များတွင် အများပြည်သူများ လွယ်လင့်တကူ သင့်တင့်သော အလှူငွေဖြင့် အသင့်ဆွမ်းတော်ကြီး ကပ်လှူနိုင်ရန် ဂေါပကအဖွဲ့က စီစဉ်ထားကြောင်းသိရသည်။ **(သတင်းစဉ်)**

# အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန် ဗီယက်နမ်သို့ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၂၅**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ကျင်းပမည့် အာဆီယံကုန်ပစ္စည်းများမဆိုက်ရောက်မီ ရှင်းလင်းရေး လုပ်ထုံးလုပ်နည်းများ အလုပ်ရုံဆွေးနွေးပွဲ (ASEAN Cargo Pre-arrival Processing Procedures Workshop)သို့ တက်ရောက်ရန် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အတွင်းရေးမှူး(၂) ဦးထွန်းအောင်သည် ယနေ့တွင်လည်းကောင်း၊ မြန်မာနိုင်ငံ အကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးညီညီအောင်သည် ဇူလိုင် ၂၂ ရက်တွင်လည်းကောင်း ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)ဝါဆိုသင်္ကန်းကပ်မည်

**ရန်ကုန် ဇူလိုင် ၂၅**

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)မှ ကြီးမှူးကျင်းပသော ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်(ဩဂုတ်၅ရက်) တနင်္ဂနွေနေ့ နံနက် ၁၀ နာရီတွင် အမှတ်၅၅(အယ်လ်) ရန်ကုန်–အင်းစိန်လမ်းကြီး ၁၃ ရပ်ကွက် လှိုင်မြို့နယ်ရှိ အသင်းတိုက်၌ ကျင်းပဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ အုတ်ဖိုမြို့နယ်သူမြို့နယ်သားများ၊ အသင်းဝင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းလှူဒါန်းလိုသူများသည် ဦးသန်းထွေး ဖုန်း–၆၅၀၁၉၇၊ ဦးတင်ညို ဖုန်း–၂၁၄၅၉၀၊ ဦးခင်မောင်ဇော် ဖုန်း–၆၆၂၅၀၇၊ ဦးပေါ်အေး ဖုန်း–၅၅၅၈၉၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

# နယ်စပ်/စည်ပင်ဝန်ကြီးဌာန (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူ

**ရန်ကုန် ဇူလိုင် ၂၅**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်နှင့်ဇနီး ဒေါ်ကျင်ခိုင်တို့အား အမှူးထား၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ယနေ့ နံနက်ပိုင်းတွင် လှိုင်မြို့နယ် ကမာရွတ် ဘူတာရုံလမ်းရှိ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး ပရဟိတ (ကျား)ကျောင်း၌ ကျင်းပသည်။

## တက်ရောက်ကြည်ညို

အခမ်းအနားသို့ လှိုင်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဇေယျဝံသကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုန္ဒရ အမှူးပြုသော ဆရာတော် သံဃာတော် အရှင်သူမြတ်ကိုးပါး ကြွရောက်တော်မူကြပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့် ဇနီး ဒေါ်ခင်မြချစ်နှင့် ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး လှိုင်မြို့နယ် ဇေယျဝတီစာသင်တိုက် ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဥတ္တရထံမှ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။ ယင်းနောက် ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

## ဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယဝန်ကြီးနှင့် ဇနီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ဇေယျဝတီစာသင်တိုက် ဆရာတော်ထံမှ အနုမောဒနာ တရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဆရာတော် သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဝါတွင်းသုံးလ တရားစခန်းပွဲ

**ရန်ကုန် ဇူလိုင် ၂၅**

မွန်ပြည်နယ် မုဒုံမြို့နယ် မြို့မ(၄) ရပ် မြဟောဝန်ဆည်မြောင်းလမ်းရှိ ဗုဒ္ဓအေးရိပ်သာ တေဇစက္ကိဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၁၇)ကြိမ်မြောက် ဝါတွင်းသုံးလ အဓိဋ္ဌာန်တရားစခန်းကို ၁၃၆၉ ခု ဒုတိယဝါဆိုလပြည့် ဓမ္မစကြာနေ့မှ သီတင်းကျွတ်လပြည့် အဘိဓမ္မာနေ့(ဇူလိုင် ၂၉ရက်မှ စက်တင်ဘာ ၂၆ ရက်)အထိ ကျင်းပမည်ဖြစ်သည်။ တေဇစက္ကိနာယက ဘဒ္ဒန္တမဏိဇောတသီရိ(ဓမ္မာစရိယ) ကမ္မဋ္ဌာနာစရိယ ဆရာတော်က ညစဉ် တရားဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**



**ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် စေတနာရှင်များက ကမာကသွယ်ရပ်ကွက် အမက(၈)၊ အမက(၁၇)ရှိ ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့လှူဒါန်းပွဲကို ဇွန် ၂၆ ရက်က အမက(၈)တွင်ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းအေးက အမက(၈) ကျောင်းအုပ်ဆရာမကြီး ဒေါ်စောမြတ်ရွှေဇံထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

# မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ

**ရန်ကုန် ဇူလိုင် ၂၅**

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် ဇူလိုင် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇူလိုင် ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် သန်လျင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ **(က–ပ)**

# မြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် ဇူလိုင် ၂၅

**ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲ တိုင်းထွာချက်များအရ ခန္တီးမြို့တွင် ၁၅၁၄ စင်တီမီတာနှင့် မော်လိုက်မြို့တွင် စင်တီမီတာ ၁၂၄၀ သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ခန္တီးမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၃၆၀ အထက်တွင်လည်းကောင်း၊ မော်လိုက်မြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၂၃၀ အထက်တွင်လည်းကောင်း ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။**

(သတင်းစဉ်)

26-7 (11) 1 7/26/07, 1:32 AM

# နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲ အလုပ်သမားဝန်ကြီးဌာနနိုင်

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ၏ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲတွင် (ဃဃ)အုပ်စုမှ အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၅

**အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ၏ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲကို ယနေ့ညနေ ၄နာရီတွင် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပသည်။**

**ပေါင်းလောင်းအားကစားကွင်း**

**ညနေ ၄နာရီပွဲ (ဃဃ)အုပ်စု**

| | |
|---|---|
| **အလုပ်သမားဝန်ကြီးဌာန** | **သုံးဂိုး။** |
| **ကာကွယ်ရေးဝန်ကြီးဌာန** | **နှစ်ဂိုး။** |

အဆိုပါ ဘောလုံးပြိုင်ပွဲသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် ပျဉ်းမနားတပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဇူလိုင် ၂၆ရက် **(ယနေ့)** ညနေ ၄နာရီတွင် နေပြည်တော် ပေါင်းလောင်းအားကစားကွင်း၌ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲအဖြစ် (ကက) အုပ်စုမှ





အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်းနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဇူလိုင် ၂၇ရက် ညနေ ၄နာရီတွင် (ကက)အုပ်စုမှ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအသင်းတို့သည်လည်းကောင်း၊ ဇူလိုင် ၂၈ရက် ညနေ ၄နာရီတွင် (ခခ)အုပ်စုမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းနှင့် သမဝါယမဝန်ကြီးဌာနအသင်းတို့သည်လည်းကောင်း ဒုတိယအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများအဖြစ် နေပြည်တော်ပျဉ်းမနားပေါင်းလောင်းအားကစားပြိုင်ကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# (၃၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ အမျိုးသမီးအုပ်စုပတ်လည်နှင့် အမျိုးသားကွာတားဖိုင်နယ်ပွဲဆက်လက်ကျင်းပ

ရန်ကုန် ဇူလိုင် ၂၅

**(၃၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ အမျိုးသမီးအုပ်စုပတ်လည်ပြိုင်ပွဲနှင့် အမျိုးသား ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့နံနက် ၉နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံတွင် ဆက်လက်ကျင်းပရာ အမျိုးသမီးအုပ်စုပတ်လည်ပြိုင်ပွဲ(က)အုပ်စုမှ လက်ရှိချန်ပီယံ စစ်ကိုင်းတိုင်းအသင်းက ဧရာဝတီတိုင်းအသင်းကို ၈၃မှတ်၊ ၁၃မှတ်ဖြင့် အနိုင်ရရှိသွားသည်။ (က)အုပ်စုတွင် လက်ရှိချန်ပီယံ စစ်ကိုင်းတိုင်း အမျိုးသမီးအသင်းသည် သုံးပွဲကစား သုံးပွဲနိုင် အုပ်စုပထမဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ (ခ)အုပ်စုမှ ရန်ကုန်တိုင်းအမျိုးသမီးအသင်းသည် ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းအား ၆၅မှတ်၊ ၃၉မှတ်ဖြင့် အနိုင်ရရှိပြီး ရန်ကုန်တိုင်း အမျိုးသမီးအသင်းသည် သုံးပွဲကစား သုံးပွဲနိုင်ဖြင့် အုပ်စုဗိုလ်စွဲပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။**

**အကြိုဗိုလ်လုပွဲ**

အမျိုးသား ကွာတားဖိုင်နယ် ပထမပွဲစဉ်များတွင် လက်ရှိချန်ပီယံ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားပြီး မန္တလေးတိုင်းက ရရှိသည့်အခွင့်အရေးကို မိမိရရအသုံးချ ဂိုးသွင်းသေချာမှုကြောင့် စစ်ကိုင်းတိုင်းအသင်းကို ၆၉မှတ်၊ ၄၆မှတ်ဖြင့် နိုင်ပြီး အကြိုဗိုလ်လုပွဲသို့တက်ရောက်သွားသည်။

အမျိုးသား ကွာတားဖိုင်နယ် ဒုတိယပွဲစဉ်အဖြစ် ယမန်နှစ် ဒုတိယ ရရှိထားသည့် ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ ရန်ကုန်တိုင်းအသင်းက ပဲခူးတိုင်းအသင်းကို ၈၃မှတ်၊ ၅၄မှတ်ဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။



**မိမိတို့ ယခု ကွာတားဖိုင်နယ် ပွဲစဉ်တွင် အဓိက ခံစစ်ကို လုံအောင်ကစားပြီး လူကပ်ကစားခဲ့ကြောင်း မန္တလေးတိုင်း နည်းပြဆရာဦးထွန်းအောင်သူက မြန်မာ့အလင်းသို့ ရှင်းပြစဉ်။** (မြန်မာ့အလင်း)

**စစ်ကိုင်းနှင့် မန္တလေး**



**စစ်ကိုင်းတိုင်းအသင်းမှ နံပါတ် (၁၀) ထွန်းမင်းလတ် ထိုးဖောက်ဂိုးသွင်းမှုကို မန္တလေးတိုင်းမှ နံပါတ် (၅) သန်းဇော်ထက် ခုန်၍ ပိတ်ဆို့ဖျက်ထုတ်စဉ်။** (မြန်မာ့အလင်း)

**သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)**

**တွေ့ဆုံမေးမြန်း**

ပြိုင်ပွဲအပြီး မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်မှ တွဲဖက်အတွင်းရေးမှူး ဒေါ်ဥမ္မာအောင်၊ မန္တလေးတိုင်း အမျိုးသားအသင်း နည်းပြဆရာ ဦးထွန်းအောင်သူနှင့် ရန်ကုန်တိုင်း အမျိုးသမီးနည်းပြဆရာမ ဒေါ်ခင်မာချိုတို့အား မြန်မာ့အလင်းသတင်းအဖွဲ့က တွေ့ဆုံ၍ အကောင်းဆုံးအားကစားသမားဆု ရွေးချယ်မှု စံနှုန်းများနှင့် ပတ်သက်၍လည်းကောင်း ပြိုင်ပွဲအခြေအနေများကိုတွေ့ဆုံမေးမြန်း၍ ရေးသားဖော်ပြလိုက်ပါသည်။

**တိုးမြှင့်ချီးမြှင့်**

အကောင်းဆုံးအားကစားသမားဆု ချီးမြှင့်ခြင်းနှင့် ပတ်သက်၍ ဒေါ်ဥမ္မာအောင်က “မိမိတို့ ယခင်က အကောင်းဆုံးအားကစားသမားဆု တစ်ဆုတည်း ပေးသော်လည်း ယခုအခါ ခံစစ် အကောင်းဆုံးဆုနှင့် အကောင်းဆုံး ပြန်ကျဘောဖမ်းသူဆုကိုပါ တိုးမြှင့်ချီးမြှင့်လျက်ရှိကြောင်း” မြန်မာ့အလင်းသို့ ရှင်းပြသွားသည်။

**အားသာချက်**

မန္တလေးတိုင်း အမျိုးသားအသင်း နည်းပြဆရာ ဦးထွန်းအောင်သူက “မိမိတို့ ယခု ကွာတားဖိုင်နယ်ပွဲစဉ်တွင် အဓိက ခံစစ်ကို လုံအောင်ကစားပြီး လူကပ်ကစားခဲ့ကြောင်း၊ မိမိတို့ တိုက်စစ်ဆင်ရာတွင် လျှန်မြန်မှုကို ဦးစားပေးပြီး Speed တင်ကစားခဲ့ရာ ဂိုးသွင်းနိုင်မှု အခွင့်အလမ်း များစွာ ရရှိခဲ့ကြောင်း၊ ရရှိသည့် အခွင့်အလမ်းများကို မိမိအသင်းသားများ ပိုင်ပိုင်နိုင်နိုင် အသုံးချဂိုးသွင်းမှုကြောင့် ယခုလို အနိုင်ရရှိခြင်းဖြစ်ကြောင်း” မြန်မာ့အလင်းသို့ ရှင်းပြသည်။

**ခံစစ် တိုက်စစ်**

ရန်ကုန်တိုင်း အမျိုးသမီးအသင်း နည်းပြဆရာ ဒေါ်ခင်မာချိုက “မိမိတို့ ပြိုင်ဘက်ကို အထင်မသေးဘဲ အသင်းသားများ၏ စည်းလုံးညီညွတ်မှု၊ ရရှိသည့် အခွင့်အရေးကို မိမိရရ အသုံးချ ဂိုးသွင်းနိုင်မှု၊ ခံစစ်တိုက်စစ် လိုက်လျောညီထွေစွာ ကစားသွားခြင်းကြောင့် ယခုလို အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခြင်း ဖြစ်ကြောင်း” ရှင်းပြသွားသည်။



**မိမိတို့ ယခင်ကအကောင်းဆုံး အားကစားသမားဆု တစ်ဆုတည်း သာပေးသော်လည်း ယခုအခါ ခံစစ် အကောင်းဆုံးဆုနှင့်အကောင်းဆုံး ပြန်ကျဘောဖမ်းသူဆုကိုပါ တိုးမြှင့် ချီးမြှင့်လျက်ရှိကြောင်း ဒေါ်ဥမ္မာအောင်က မြန်မာ့အလင်းသို့ ရှင်းပြစဉ်။** (မြန်မာ့အလင်း)

ဇူလိုင် ၂၆ရက် **(ယနေ့)**နံနက် ၉နာရီတွင် အမျိုးသမီးအုပ်စုတွင်းပတ်လည်ပြိုင်ပွဲများအဖြစ် (က)အုပ်စုမှ မန္တလေးတိုင်းနှင့် ပဲခူးတိုင်း၊ (ခ)အုပ်စုမှ မကွေးတိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး အမျိုးသား ကွာတားဖိုင်နယ်ပွဲများအဖြစ် ဧရာဝတီတိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း ဘတ်စကက်ဘော ဝါသနာရှင်များအား သတင်းကောင်းပါးအပ်ပါသည်။ ။ **(မြန်မာ့အလင်း)**



**အသင်းသားများ၏စည်းလုံး ညီညွတ်မှု၊ ရရှိသည့်အခွင့်အရေးကို မိမိရရ အသုံးချ ဂိုးသွင်းနိုင်မှုကြောင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်း အမျိုးသမီးနည်းပြ ဒေါ်ခင်မာချိုက မြန်မာ့အလင်းသို့ ရှင်းပြစဉ်။** (မြန်မာ့အလင်း)



**အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည့် မန္တလေးတိုင်းအသင်းအား ပြိုင်ပွဲအပြီး အသင်းအုပ်ချုပ်သူ၊ နည်းပြဆရာနှင့်အတူ ပြိုင်ပွဲရုံရှေ့တွင်တွေ့ရစဉ်။** (မြန်မာ့အလင်း)

**အာရှဖလား အကြိုဗိုလ်လုပွဲရလဒ်**

၂၅-၇-၂၀၀၇

| | | |
|---|---|---|
| **တောင်ကိုရီးယား** | ၃ – ၄ | **အီရတ် (ပယ်နယ်တီအဆုံးအဖြတ်)** |
| **ဂျပန်** | ၂ – ၃ | **ဆော်ဒီအာရေဗျ** |

# လူသစ်မခေါ်ဘဲ ဖြတ်သန်းမည့် အေစီမီလန်

မီလန် ဇူလိုင် ၂၅

**ဒီနှစ်နွေရာသီ အပြောင်းအရွှေ့ကာလမှာ ဘောလုံးသမားအသစ်တွေကို ထိထိရောက်ရောက် မခေါ်နိုင်ခဲ့တာကတော့ ချန်ပီယံလိဂ်ဖလားပိုင်ရှင် အေစီမီလန်အသင်းပဲ ဖြစ်ပါတယ်။**

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

အေစီမီလန်အသင်းဥက္ကဋ္ဌ ဘာလူစကိုနီက နွေရာသီ အပြောင်းအရွှေ့ကာလမှာ မိမိတို့အသင်းအတွက် အီတူး၊ ရော်နယ်ဒင်ဟို၊ ဒရော့ဘာ၊ ရှက်ဗ်ချင်ကိုနဲ့ ဘာရာဇီးက လူငယ်တိုက်စစ်မှူး အလက်ဇန္ဒားရီပါတို တို့ကို



**အေစီမီလန်က ပေါင် ၈၄သန်းပေးမည်ဟု ဈေးခေါ်နေသော ရော်နယ်ဒင်ဟို။** (ဓာတ်ပုံ-အင်တာနက်)

ခေါ်ယူဖို့ ပစ်မှတ်ထားခဲ့ပေမယ့် လက်တွေ့မှာတော့ တစ်ယောက်မျှ မခေါ်ယူနိုင်ခဲ့ပါဘူး။

အေစီမီလန် တိုက်စစ်မှူးဟောင်း ရှက်ဗ်ချင်ကိုအတွက် အသင်းကို ပြန်လာလိုစိတ် ရှိတယ်ဆိုရင်တော့ အမြဲတမ်း တံခါးဖွင့်ထားပါတယ်လို့ ပြောနေပေမယ့် အသင်းပြောင်းရွှေ့စရိတ် မပေးဘဲ ပြန်ခေါ်ချင်နေတာကြောင့် လက်တွေ့မှာ အကောင်အထည်ပေါ်လာဖို့ မဖြစ်နိုင်တော့ပါဘူး။

**အဓိက ကစားသမား**

ဘာဖြစ်လို့လဲဆိုတော့ ဇူလိုင် ၂၄ ရက်က မော်ရင်ဟို ပြောကြားခဲ့တဲ့ စကားထဲမှာ ရှက်ဗ်ချင်ကိုဟာ လာမယ့် ဘောလုံးရာသီမှာ ချယ်လ်ဆီးတိုက်စစ်အတွက် အဓိက ကစားသမားအဖြစ် ထားရှိမယ်လို့ ဆိုလိုက်တာကြောင့်ပဲ ဖြစ်ပါတယ်။

ရှက်ဗ်ချင်ကိုဟာ ပြီးခဲ့တဲ့ပရီမီယာလိဂ်မှာ ချယ်လ်ဆီးအတွက် လေးဂိုးပဲ သွင်းယူနိုင်ခဲ့တာကြောင့် ချယ်လ်ဆီး ပရိသတ်နဲ့ ချယ်လ်ဆီးကလပ် အမှုဆောင် လူကြီးတွေရဲ့ ဝေဖန်ပြစ်တင်မှုတွေကို ကြုံတွေ့ခဲ့ရပါတယ်။

**သုံးစွဲမှု**

ဒါကြောင့် မိခင်ကလပ် အေစီမီလန်ကိုပဲ ပြန်ဖို့ကြိုးစားခဲ့ပေမယ့် လက်တွေ့မှာတော့ ဖြစ်မလာခဲ့ပါဘူး၊ ဒါကလဲ အေစီမီလန်က ရှက်ဗ်ချင်ကိုနဲ့ ပတ်သက်ပြီး ထိုက်တန်တဲ့ ငွေကြေးသုံးစွဲမှု မပြုလုပ်ခဲ့လို့ဘဲ ဖြစ်ပါတယ်။

**လုံလောက်**

ဒါကြောင့် အပြောင်းအရွှေ့ကာလ ပိတ်ချိန်နီးလာတဲ့အထိ အေစီမီလန်အသင်းဟာ လိုချင်တဲ့ ကစားသမားတစ်ဦးမျှမရဘဲ စခန်းသိမ်းရမယ့် အနေအထား ရောက်နေပါတယ်။ အသင်းပိုင်ရှင် ဘာလူစကိုနီကတော့ လက်ရှိ အေစီမီလန်အသင်းမှာရှိနေတဲ့ ကစားသမားတွေနဲ့တင် စီးရီးအေဖလား ရယူဖို့နဲ့ ချန်ပီယံလိဂ်ဖလားကာကွယ်ဖို့ အတွက် လုံလောက်တယ်လို့ ဆိုနေပါတယ်။

**ကြိုးစားနေ**

ဒါပေမယ့် အံ့ဩစရာကောင်းတာကတော့ အေစီမီလန်ဟာ ပြိုင်ဘက် အင်တာမီလန်ထက် အသင်းကို ပိုမိုကောင်းအောင် ကြိုးစားနေတာမို့ ဘာစီလိုနာ တိုက်စစ်မှူး ရော်နယ်ဒင်ဟိုကို ပေါင်ငွေ ၈၄သန်းပေးမယ်လို့ ထုတ်ဖော် ပြောကြားလိုက်ပြီဖြစ်ပါတယ်။

**စိတ်မရှင်မလန်း**

ရော်နယ်ဒင်ဟိုဟာ ဘာစီလိုနာကို အွန်နရီ ရောက်ရှိလာတဲ့အချိန်ကစပြီး စိတ်မရှင်မလန်းဖြစ်နေတယ်လို့ ဆိုပါတယ်။ အသင်းမှာ အဓိက ကစားသမားတွေအကြား ဆက်ဆံရေးတွေ အဆင်မပြေဘူးလို့တော့ သတင်းတွေ ပေါ်ထွက်လာပါတယ်။ ရော်နယ်ဒင်ဟိုဟာကမ္ဘာ့အကောင်းဆုံးဘောလုံးသမား ဖြစ်တာမို့ ဒီငွေကြေးကိုပေးရတာဟာ အေစီမီလန်အတွက်တော့ တန်တယ်လို့ အေစီမီလန်အသင်း ဥက္ကဋ္ဌ ဘာလူစကိုနီက ပြောကြားလိုက်ပါတယ်။

**မက်မောစရာ**

ရော်နယ်ဒင်ဟိုကို ဒီနှစ်ခေါ်လို့ မရရင် နောက်နှစ် ဘောလုံးရာသီမှာ ပြောင်းရွှေ့ခ ပေါင်ငွေ ၈၄သန်းပေးပြီး ခေါ်ယူမယ်လို့ ပြောကြားတဲ့အတွက် ဒီငွေကြေးပမာဏဟာ ဘာစီလိုနာအတွက်တော့ မက်မောစရာပါပဲ။

**လိုအပ်နေတယ်**

အေစီမီလန်ဟာ အသင်းကောင်းတစ်သင်းဖြစ်ပေမယ့် တစ်သင်းလုံးရဲ့ အသက်အရွယ်ကတော့ ပျမ်းမျှ ၂၉နှစ်အရွယ်တွေ ဖြစ်နေပါတယ်။ ဒါပေမယ့် အသင်းရဲ့ ခြေစွမ်းဟာ ထက်မြက်နေဆဲဖြစ်တာမို့ အသင်းမှာ ထူးထူးခြားခြား ပြုပြင်ပြောင်းလဲဖို့ မလိုအပ်ဘူး ဆိုပေမယ့် အနည်းဆုံး လူငယ်တိုက်စစ်မှူး နှစ်ဦးလောက်တော့ လိုအပ်နေတယ်လို့ ဆိုနေပါတယ်။

**ရည်မှန်းချက်**

အေစီမီလန်တို့ မျှော်မှန်းထားတဲ့ စီးရီးအေဖလားရရှိရေးနဲ့ ချန်ပီယံလိဂ်ဖလားကာကွယ်ရေးတို့ကတော့ အရင်ကစားသမားတွေကို ပြောင်းလဲမှ ရပါလိမ့်မယ်။ လူသစ်၊ လူဟောင်း မျှတစွာနဲ့ သုံးတတ်ရင်တော့ ရည်မှန်းချက် ပြည့်ဝနိုင်ပါလိမ့်မယ်။

**စိတ်ဝင်စားစရာ**

လောလောဆယ်မှာတော့ နွေရာသီ အပြောင်းအရွှေ့ကာလမှာ ကစားသမားတစ်ဦးကိုမျှ မခေါ်ယူနိုင်ခဲ့တဲ့ အေစီမီလန်ဟာ လာမယ့်ဘောလုံးရာသီကို ဘယ်လို ဖြတ်ကျော်မလဲဆိုတာ စိတ်ဝင်စားစရာကောင်းနေပါကြောင်း။ ။

**(ကိုးကား-အင်တာနက်)**

## အင်တာနက် အားကစားသတင်း အတိုအထွာ

* **ချယ်လ်ဆီးတောင်ပံကစားသမား အာဂျန်ရော်ဘင်သည် ရာသီအကြို အမေရိကန်သို့ သွားရောက်ကစားရာမှ ချယ်လ်ဆီးသို့ ပြန်လာနေပြီဖြစ်ကြောင်း၊ ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့လိမ့်မည် မဟုတ်ကြောင်း နည်းပြမော်ရင်ဟိုက ပြောကြားသည်။**

* ကမ္ဘာ့နံပါတ်(၁) ဂေါက်သီးကစားသမား တိုက်ဂါးဝုဒ်သည် ဗြိတိသျှ အိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အိုင်ယာလန်မှ ဟာရင်တန် အနိုင်ရဗိုလ်စွဲသွားသဖြင့် သုံးနှစ်ဆက်တိုက် ဗိုလ်စွဲရန် ချန်ပီယံဆုနှင့် လွဲခဲ့ရသည်။ **(အင်တာနက်)**

စုစည်းတင်ပြသူ
မြင့်မောင်စိုး

## ကမ္ဘာတစ်လွှား အားကစား

# ရိုးမားတိုက်စစ်မှူး တော့တီ အီတလီအသင်း၌ ကစားခြင်းမှ အနားယူ



**ရိုးမားတိုက်စစ်မှူးတော့တီ။** (ဓာတ်ပုံ-အင်တာနက်)

**ရောမ ဇူလိုင် ၂၅**

အီတလီတိုက်စစ်မှူးတော့တီသည် နိုင်ငံ့လက်ရွေးစင် ဘောလုံးသမား အဖြစ်မှ အနားယူသွားပြီဖြစ်သည်။

**ပါဝင်ကစား**

တော့တီသည် အီတလီအသင်း၌ အချိန်ပိုင်း ကစားသမားအဖြစ်သာပါဝင်ကစားလိုကြောင်း၊ သို့ရာတွင်အီတလီ ဘောလုံး အဖွဲ့ချုပ်က ထိုသို့ကစားရန် ခွင့်ပြုလိမ့်မည်မဟုတ်ကြောင်း အီတလီ သတင်းစာတစ်စောင်က ရေးသားဖော်ပြသည်။ အသက် ၃၀ရှိ အဆိုပါတိုက်စစ်မှူးသည် အီတလီအသင်းအတွက် ပွဲပေါင်း၅၈ပွဲ ပါဝင်ကစားခဲ့ရာတွင် ကိုးဂိုးသွင်းယူနိုင်ခဲ့သည်။

၎င်းသည် ပြီးခဲ့သည့် ကမ္ဘာ့ဖလားတွင် ပြင်သစ်အသင်းနှင့် ဗိုလ်လုပွဲကစားရာ၌ အီတလီအသင်းအတွက် နောက်ဆုံး ပါဝင်ကစားခဲ့သည်။

**ရွှေဖိနပ်ဆု**

အဆိုပါတိုက်စစ်မှူးသည် ပြီးခဲ့သည့်ဘောလုံးရာသီက ရိုးမားအသင်းအတွက် ဂိုးပေါင်း ၂၆ဂိုး သွင်းယူပေးခဲ့ပြီး ဥရောပအကောင်းဆုံး ရွှေဖိနပ်ဆုဆွတ်ခူးနိုင်ခဲ့ သည်။

**(အင်တာနက်)**

# တာတိုအပြေးသမား တိုစန်ဂေး လန်ဒန် ဂရင်းပရီတွင် စံချိန်တင်ရန်မျှော်လင့်

**တိုစန်ဂေး**

**မီတာ ၁၀၀ အပြေးစံချိန်ရှင် တိုစန်ဂေး။** (ဓာတ်ပုံ-အင်တာနက်)



လန်ဒန် ဇူလိုင် ၂၅

**အမေရိကန် တာတိုအပြေးသမား တိုစန်ဂေးသည် ဩဂုတ် ၃ရက်က ခရစ္စတယ်ပဲလေ့စ်၌ကျင်းပမည့်လန်ဒန် ဂရင်းပရီပြေးပွဲ မီတာ ၁၀၀၌ ကမ္ဘာ့ စံချိန်သစ်တင်ရန် ကြိုးစားမည်ဟု ဆိုသည်။**

**စံချိန်တင်**

**အသက် ၂၄နှစ်ရှိ အဆိုပါအပြေးသမားသည် ဇွန်လက အမေရိကန်၌ ကျင်းပသော ချန်ပီယံရှစ်ပြိုင်ပွဲတွင် စံချိန် ၉ဒသမ ၈၄စက္ကန့်ဖြင့် မီတာ ၁၀၀ စံချိန်တင်ထားသည်။**

အဆိုပါ မီတာ ၁၀၀တွင် လက်ရှိ ကမ္ဘာ့စံချိန်တင်ထားသော အပြေးသမားမှာ အီသီယိုးပီးယားမှ အဆာဖာပါဝဲလ် နှင့် အမေရိကန်မှ ဂတ်လင်းတို့ဖြစ်ကြသည်။ ယင်းတို့နှစ်ဦး၏စံချိန်မှာ ၉ဒသမ ၇၇စက္ကန့်ဖြစ်သည်။

ဂေးသည် ပြီးခဲ့ သည့် ယူအက်စ်ချန်ပီယံအပြေးပြိုင်ပွဲ၌ မီတာ၂၀၀တွင် စံချိန်၁၉ဒသမ၆၂စက္ကန့်ဖြင့် စံချိန်တင်ထားနိုင်ခဲ့သည်။

(အင်တာနက်)

# ပို့စ်မောက်တိုက်စစ်မှူး ကနူးအား အသင်းမှ ထပ်မံစာချုပ်မည်ဟုဆို

**ကနူး**

**စာချုပ်သစ် ချုပ်ဆိုလိုက်သော ပို့စ်မောက်တိုက်စစ်မှူး ကနူး။** (ဓာတ်ပုံ-အင်တာနက်)



**လန်ဒန် ဇူလိုင် ၂၅**

ပို့စ်မောက်တိုက်စစ်မှူး ကနူးအား စာချုပ်သစ် ချုပ်ဆို နိုင်လိမ့်မည်ဟု ယုံကြည်မိကြောင်း နည်းပြ ဟာရီရက်ခ်နက်က ပြောကြားလိုက်သည်။

**သွင်းယူ**

အသက် ၂၉နှစ်ရှိ အဆိုပါ တိုက်စစ်မှူးသည် ပြီးခဲ့သောရာသီက ပို့စ်မောက်အသင်းအတွက် ၁၂ဂိုး သွင်းယူပေးခဲ့သည်။

**ခြိမ်းခြောက်**

၎င်းသည် ပြီးခဲ့သော ရာသီက အသင်းအား အောင်မြင်မှု အထိုက်အလျောက်ရရှိအောင် ကြိုးစားပေးခဲ့ရ၍ လုပ်ခလစာပိုရရှိရန် တောင်းဆိုနေကြောင်း သိရသည်။ အဆိုပါတိုက်စစ်မှူးနေရာအား ပရီစတန်အသင်းမှ ပြောင်းလာသော ဒေးဗစ်နူးဂျင့်က ခြိမ်းခြောက်လျက်ရှိသည်။

**ခေါ်ယူစာချုပ်**

သို့ရာတွင် အသင်းနည်းပြ ရက်ခ်နက်က ကနူးအား ပထမလူထွက်စာရင်းတွင် ထည့်ကစားရန် လိုလားနေသည်။ ပို့စ်မောက်အသင်းက တော့တင်ဟမ်တိုက်စစ်မှူးဟောင်းနှင့် ဝက်စ်ဟမ်းတိုက်စစ်မှူး ဖရက်ဒီကနူးတေးအား ခေါ်ယူစာချုပ်ရန် ချဉ်းကပ်နေသည်။ **(အင်တာနက်)**

## စစ်ကိုင်းတိုင်း မိခင်/ကလေး ကြီးကြပ်ရေးအဖွဲ့ ကြီးမှူး သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးပညာပေး

**မုံရွာ ဇူလိုင် ၂၃**

စစ်ကိုင်းတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော သွေးလွန်တုပ်ကွေး ရောဂါ ကာကွယ်နှိမ်နင်းရေး ပညာပေးဟောပြောပွဲ အခမ်း အနားကို ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီက မုံရွာမြို့ မြို့တော်ခန်းမတွင် ကျင်းပသည်။

**ဟောပြော**

ရှေးဦးစွာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား စစ်ကိုင်းတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်း ကြည်က အဖွင့်အမှာစကားပြောကြားပြီး **(ယာပုံ)** မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးမှ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာ မြင့်မြင့်သိန်းက သွေးလွန်တုပ်ကွေးရောဂါ အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ တိုင်းကျန်းမာရေးဦးစီး ဌာနမှူး ဒေါက်တာကျော်ရှိန်က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအကြောင်းကို လည်းကောင်း အသီးသီး ပညာပေး ဟောပြောကြသည်။

**ကြည့်ရှု**

ထို့နောက် တိုင်းအတွင်းရေးမှူး ဦးဝင်းကြည်နှင့် တာဝန် ရှိသူများသည် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ် နှိမ်နင်း ရေး ပညာပေးမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုခဲ့ကြသည်။

**ဆောင်ရွက်**

ဆက်လက်ပြီး ဇူလိုင် ၂၁ ရက် နံနက် ၈ နာရီက စစ်ကိုင်းတိုင်း တိုင်းအတွင်းရေးမှူး ဦးဝင်းကြည်နှင့် တာဝန် ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်း များသည် မုံရွာမြို့ ဒေါနခြံရပ်ကွက်နှင့် အောင်ချမ်းသာ ရပ်ကွက်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်းများ၊ မူကြိုကျောင်းများ၊ လူနေအိမ်များသို့ တစ်အိမ်တက်ဆင်း သွားရောက်ပြီး ခြင်အန္တရာယ်ကာကွယ်ရေးအတွက် ရေအိုး၊ ရေကန်များထဲမှ ပိုးလောက်လမ်းများကို ရေစစ်ဖြင့် ဖယ်ထုတ် ခြင်း၊ ခြင်ဆေးမှုတ်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

**ပုသိမ်မြို့ အမှတ် (၁) ရပ်ကွက်နယ်မြေ ကိုးသိန်း ရပ်ကွက် စကားဝါလမ်းမကြီး ဘေးဝဲယာရှိ လူနေအိမ်များ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းကို ပုသိမ်မြို့နယ်စည်ပင်သာယာရေး အဖွဲ့ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၇ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုင်းထွန်း ထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ အင်ဂျင်နီယာမှူး ဦးစတင့်ဝေ တို့ ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



## ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည် လှူဖွယ်ဝတ္ထုများ ဆက်သွယ်လှူဒါန်းနိုင်

**နေပြည်တော်ပျဉ်းမနား ဇူလိုင် ၁၀**

နေပြည်တော် ပျဉ်းမနား မဟာ ဝိသုတာရာမ ဈေးကုန်းကျောင်း ပရိယတ္တိ စာသင်တိုက်ကြီး၏ သာသနနုဂ္ဂဟ အဖွဲ့ကကြီးမှူး၍ ပဓာနနာယက ဆရာ တော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထ ဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကဝိသာရ အမှူး ပြုသော စာချ၊ စာသင် သံဃာတော် အပါး ၃၀၀ ကျော်တို့အား ဝါဆို သင်္ကန်းစုပေါင်းဆက်ကပ် လှူဒါန်းပွဲကို ၁၃၆၉ နှစ်ခု ဒုတိယဝါဆိုလပြည့်နေ့ တွင် ကျင်းပမည်ဖြစ်ရာ ဝါဆိုသင်္ကန်း နှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ပါဝင် လှူဒါန်းလိုသော ရပ်ဝေးရပ်နီးမှ အလှူ ရှင်များအနေဖြင့် ဖုန်း-၀၆၇-၂၂၂၂၄၊ ၂၂၁၉၄၊ ၂၂၈၉၀ နှင့် ရန်ကုန်မြို့ ဖုန်း- ၀၁-၇၂၂၇၂၄၊ ၃၈၅၄၁၀၊ ၂၄၆၁၈၃၊ ၃၈၁၆၇၃၊ ၆၆၄၀၄၉ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

**ဖြူးမြို့နယ်စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ သက်သာချောင်ချိ ရေးအတွက် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁ရက်က အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ခေါင်းဆောင်သော အဖွဲ့ဝန်ထမ်း များ ဝန်ထမ်းအိမ်ရာခြံမြေအတွင်း ဟင်းသီး ဟင်းရွက်များ စုပေါင်း စိုက်ပျိုးကြစဉ်။** (မြို့နယ်စည်ပင်)





## မြို့နယ်သတင်းများ

## အောင်ပန်းမြို့မ အထွေထွေစီးပွားရေးသမအသင်း ဘဏ္ဍာရေးနှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာစည်းဝေး

**အောင်ပန်း ဇူလိုင် ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့မ အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွက် နှစ်ပတ် လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် ဒါရိုက်တာအဖွဲ့၊ အသင်းသား စာရင်းစစ် အဖွဲ့ ရွေးချယ်ရေးအခမ်းအနားကို ဇွန် ၂၅ရက် နံနက် ၉ နာရီက အဆိုပါအသင်း အောင်ပန်းခန်းမတွင်ကျင်းပရာ သဘာပတိအသင်းဥက္ကဋ္ဌ ဦးလှအောင်က အမှာ စကားပြောကြားသည်။

**ဖတ်ကြား**

အခမ်းအနားတွင် ဒါရိုက်တာအဖွဲ့၏ ၂၀၀၆-၂၀၀၇ခုနှစ် ဘဏ္ဍာရေးနှစ် အစီရင်ခံစာကို အဖွဲ့ဝင် ဦးမြမောင်ကလည်းကောင်း၊ အသင်းသားစာရင်းစစ် အဖွဲ့ အစီရင်ခံစာကို အဖွဲ့ဝင် ဦးစန်းမောင်ကလည်းကောင်း ဖတ်ကြားတင်ပြကြပြီး အတည်ပြုကြသည်။

ထို့နောက် မြို့နယ်အဆင့် ဖွဲ့စည်းရေးကော်မရှင်အဖွဲ့ဥက္ကဋ္ဌ ကလောမြို့နယ် သမဝါယမဦးစီးအရာရှိ ဦးဇော်မင်းထွန်း ကြီးကြပ်လျက် အောင်ပန်းမြို့မ အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက် ဥက္ကဋ္ဌ ဦးလှအောင် ပါဝင်သော ဒါရိုက်တာအဖွဲ့ ခုနစ်ဦးနှင့် အသင်းသားစာရင်းစစ်အဖွဲ့ဝင်နှစ်ဦး တို့ကို အသင်းသား အသင်းသူများက ဆန္ဒပေးရွေးချယ်ကြသည်။ **(ဝ၉၆)**

**ဖျာပုံခရိုင် ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇- ၂၀၀၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် မြို့တွင်းလမ်းများ ကောင်းမွန်ရေး ပြုပြင်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၆ ရက်က အငယ်တန်း အင်ဂျင် နီယာ(၂) ဦးအေးကို ကြီးကြပ်မှုဖြင့် အောင်ဩဘာ ၁၈ လမ်းရှိ လမ်း ပေါက်နှင့် ချိုင့်ခွက်များ ဖာထေး ပြုပြင်ဆောင်ရွက်မှုကို လက်ထောက် အင်ဂျင်နီယာဦးသန့်ဇင်မျိုး ကွင်းဆင်း ကြည့်ရှုလျက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးစဉ်။** (မြို့နယ်စည်ပင်)

## ယင်းမာပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်

ယင်းမာပင် ဇူလိုင် ၁၂

**မုံရွာခရိုင် ယင်းမာပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့၏ အလှူငွေဖြင့် ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အသေးစားချေးငွေလုပ်ငန်းမှ သင်ဖြူးဖျာရက်လုပ်ငန်း၊ ပလတ်စတစ်ခြင်းလုပ်ငန်း၊ အာလူးချောက်လုပ်ငန်း၊ မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြသူများအား ငွေချေးပေးခြင်းအခမ်းအနားကို ဇူလိုင် ၅ ရက် ညနေ ၄ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သာယာအေးခန်းမ၌ ကျင်းပသည်။**

**အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ရီရီပြုံးက ငွေချေးပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်ဖြူးဖျာရက်လုပ်ငန်း၊ အာလူးချောက်လုပ်ငန်းနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြသူ ၁၃ ဦးတို့အား ငွေကျပ်သုံးသိန်းနှင့် ပလတ်စတစ်ခြင်းရက်လုပ်သူတစ်ဦးအား ငွေကျပ်တစ်သိန်း စုစုပေါင်း ငွေကျပ်လေးသိန်းကို ထုတ်ပေးခဲ့ကြောင်း သိရသည်။** (မြို့နယ် ပြန်/ဆက်)

**ပေါက်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော် အေးနှင့် ဝန်ထမ်းများ ဇွန် ၂၀ရက်က ပေါက်တောမြို့ အမှတ်(၄)ရပ်ကွက်ရှိ ဦးဥတ္တမလမ်းတစ်လျှောက် လမ်းဘေးဝဲယာရေမြောင်းများ ရေစီးရေလာကောင်း မွန်ပြီး မြောင်းအတွင်း အမှိုက်များနှင့် ရေဆိုးများမရှိစေရေးတို့အတွက် ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)





## ကောက်စိုက်ပြိုင်ပွဲ ဆုချီးမြှင့်

**ခန္တီး ဇူလိုင် ၁၈**

ခန္တီးမြို့နယ် ရွှေရင်အေး မိုးစပါး ကောက်စိုက်ပြိုင်ပွဲနှင့် စုပေါင်းစိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင် ၁၁ရက် နံနက် ၉နာရီက ပေါမိုင်းရပ်ကွက် အောင်သာ ကျေးရွာ ဦးတင်ဆန်းလွင် လယ်ကွက်၌ ကျင်းပပြီး ပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

## စွန့်ပစ်ပစ္စည်းများ အချိန်မီသိမ်းဆည်းရေး အကောင်အထည်ဖော်ဆောင်ရွက်

**ကျောက်ကြီး ဇူလိုင် ၁၂**

ပဲခူးတိုင်း ကျောက်ကြီးမြို့ စည်ပင်သာယာဈေး အစဉ်သန့်ရှင်းရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်ရန် ဈေးတာဝန်ခံ ဦးကျော်စိုးဦးနှင့် ဝန်ထမ်းများသည် ဈေးရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ ဈေးအတွင်းမှ စွန့်ပစ်ပစ္စည်းများ အချိန်မီသိမ်းဆည်းရေး၊ ပေါင်းမြက်များရှင်းလင်းရေး၊ အသားငါးနှင့် ဟင်းသီးဟင်းရွက်များအား သတ်မှတ်ချက်များနှင့်အညီ ရောင်းချရေးတို့အတွက် လှုပ်ရှားမှုလုပ်ငန်းတစ်ရပ်အဖြစ် ဇူလိုင်ပထမပတ်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ကြသည်။

လုပ်ငန်းဆောင်ရွက်မှုများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုလေးနှင့် အငယ်တန်းအင်ဂျင်နီယာ ဦးသိန်းဇော်ဦးတို့က ဇူလိုင် ၆ရက်က ကွင်းဆင်းကြီးကြပ်ပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။ **(၂၁၁)**



မဇ္ဈိမဒေသဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာ ပညာရေးဗိမာန်တော်ကြီး)အတွက် လမင်းသာဦးအားရည်စူး၍ ရန်ကုန်မြို့နေ ဦးလှမြင့်ဦး–ဒေါ်အေးအေးမြင့် မိသားစုနှင့် ဦးနေလင်း–ဒေါ်ဖြူသွယ်မော် (ခေတ္တ–ဗန်ကောက်မြို့)က ကျောင်းအလှူ ငွေကျပ်သုံးသိန်းကို ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒ (နာလန္ဒာ)ရှေ့မှောက်၌ လှူဒါန်းရာ အမှုဆောင် ဒေါ်လှလှနွယ်က လက်ခံယူစဉ်။ (က–ပ)

## မွန်ပြည်နယ် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဇူလိုင် ၂၅

**မွန်ပြည်နယ် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကြီးကြပ်ရေးအဖွဲ့၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၇ရက်က မော်လမြိုင်မြို့ ရွှေမြိုင်သီရိရပ်ကွက်ရှိ ဓမ္မသုခဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ကျင်းပသည်။**

အခမ်းအနားသို့ မွန်ပြည်နယ် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အကျိုးတော်ဆောင်ဆရာတော်များ၊ ပေါင်မြို့နယ်၊ ကျိုက်မရောမြို့နယ်၊ မုဒုံမြို့နယ်နှင့် သံဖြူဇရပ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ လက်ထောက် သာသနာရေးမှူး၊ အခြေခံပညာကျောင်းများမှ ဆရာဆရာမနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ညှိနှိုင်းဆွေးနွေး

ရှေးဦးစွာ မွန်ပြည်နယ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဓမ္မသုခဘုန်းတော်ကြီးသင် ပညာရေးကျောင်းဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဓဇ ဘဒ္ဒန္တနာရဒကအဖွင့်သြဝါဒကထာ မြွက်ကြားတော်မူပြီး ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၏ လုပ်ငန်းကိစ္စတို့ကို ညှိနှိုင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရှမ်းစု–ပွဲတမော့လမ်း

**ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် ရှမ်းစု–ပွဲတမော့လမ်း ဂဝံခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမြင့်လွင်ဦး ဆောင်ရွက်ခြင်းကို ဇူလိုင် ၉ ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းလင်းထွန်း ကြီးကြပ်ပေးစဉ်။**

(မြို့နယ်စည်ပင်)



## ပုဂံဘုရားအမှတ် (၁၅၂၅) အနေကဇာတင်လှူ

ညောင်ဦး ဇူလိုင် ၁၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့်ဇနီး ဒေါ်ခင်သန်းဝင်းအား အမှူးထား၍ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်နှင့်ဇနီး ဒေါ်သောင်းရီတို့ကကြီးမှူး၍ဝန်ထမ်းမိသားစုများက ပုဂံဘုရားအမှတ်(၁၅၂၅)ကို ဆဋ္ဌမအကြိမ်မြောက် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ဇူလိုင် ၇ရက် နံနက် ၅ နာရီက ပုဂံမြို့၌ ကျင်းပသည်။

အခမ်းအနားသို့ ပုဂံမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ ပင့်သံဃာ ၁၀၈ ပါး ကြွရောက်အပူဇော်ခံကြပြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနလက်အောက်ရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြပြီး ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် တစ်ဆက်တည်း ပုဂံဘုရားအမှတ်(၁၅၂၅)ဝင်းအတွင်း ယခင်မြန်မာ့အာမခံလုပ်ငန်းမှ ဆောက်လုပ်လှူဒါန်းသည့် ဓမ္မာရုံ ၂၈သိန်း တန်ဖိုးရှိ တိုးချဲ့အဆောင်သစ် ဆောက်လုပ်လှူဒါန်းခြင်းအတွက် ရေစက်ချ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

**သပိတ်ကျင်း မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဇွန် ၂၁ ရက်က မြို့ပေါ် ဆိပ်ကမ်းရပ်ကွက်နှင့် ကဘဲ့ရပ်ကွက်အတွင်း ပိုးလောက်လမ်း ရှာဖွေနှိမ်နင်းခြင်း ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းကို မြို့နယ် စည်ပင်သာယာရေးဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်မေ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန လက်ထောက် ဆရာဝန် ဒေါက်တာ တိုးနန္ဒာကျော်နှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးမှ ဦးမျိုးမြင့်တို့ ကွင်းဆင်း ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)



## ဘုတလင်မြို့နယ် ထွေ/အုပ် ဦးစီးဌာန ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့

ဘုတလင် ဇူလိုင် ၁၅

ဘုတလင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၏ သားသမီးများအား ၂၀၀၇–၂၀၀၈ပညာသင်နှစ်ထောက်ပံ့ငွေပေးအပ်ပွဲကိုဇူလိုင် ၉ ရက် နံနက် ၁၀ နာရီက ဘုတလင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းမိသားစုဝင် သားသမီးများအတွက် အခြေခံပညာအဆင့်ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဘုတလင်မြို့နယ် ဗန္ဓုလခန်းမတွင် ကျင်းပသည်။

### ထောက်ပံ့

အခမ်းအနားတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက အမှာစကားပြောကြားပြီး ကျောင်းသားကျောင်းသူ ၅၂ ဦးအတွက် ပညာသင်ထောက်ပံ့ငွေကျပ် ၁၁၅၀၀ ကိုပေးအပ်ရာ ဒုတိယဦးစီးမှူး ဒေါ်ခင်မေထူးနှင့် အကြီးတန်းစာရေး ဦးစိန်ဝင်းကြည်တို့က လက်ခံယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ ကျွန်းရွှေမြိုင်လမ်း အမှတ် ၁၁၄/၂ နေ ဦးအေးမွေးနေ့ အလှူအဖြစ် ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်းမင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို




ပိဋကတစ်ပုံအောင် ဆရာတော် ဘဒ္ဒန္တအဂ္ဂသာရာလင်္ကာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ) ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

## စပေါင်းကြက်ဆူပင်စိုက်ပျိုးပွဲ မန်တုံမြို့၌ ကျင်းပ

မန်တုံ ဇူလိုင် ၆

**ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မန်တုံမြို့တွင် စပေါင်းကြက်ဆူပင် စိုက်ပျိုးပွဲကို ဇွန် ၂၅ရက် နံနက် ၉ နာရီက ကြက်ဆူစိုက်ကွင်းတွင်ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမျိုးလှ တက်ရောက်အားပေးပြီး လူမှုရေးအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို ကြက်ဆူပင်များပေးအပ်ရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းအထူး(၁)မှ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မိုးလွင်က လက်ခံရယူသည်။** (အောက်ပုံ)

### စိုက်ပျိုး

အဆိုပါ ကြက်ဆူပင်စိုက်ပျိုးပွဲသို့ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး တင်မောင်ဝင်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်စန်းမြင့်နှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး ကြက်ဆူပျိုးပင် ၁၅၀၀ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**




## အမှာစကားပြောကြား

**ရခိုင်ပြည်နယ် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ်လီမိတက်၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၁၂ရက်က အသင်းစုရုံး၌ကျင်းပရာ ရခိုင်ပြည်နယ် သမဝါယမဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးမြအောင်က အမှာစကားပြောကြားစဉ်။** (က–ပ)



## အမြို့မြို့ အနယ်နယ် သတင်းများ

## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၉ ခုနှစ်**
**ဒုတိယဝါဆိုလဆန်း ၁၃ ရက်**
**၂၇–၇–၂၀၀၇ (သောကြာနေ့)**

### နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဝဋ္ဋသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

### နေ့လယ်ပိုင်း

၁၁:၁၅ စက်မှုစွမ်းအားခေတ်ကျော်လွှား (ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်းစက်ရုံအကြောင်း)
၁၁:၃၅ သုတကမ္ဘာ
၁၂:၀၀ ကျန်းမာရေးနှင့်ဆေးပညာ (မီးဖိုချောင်က ကျန်းမာရေး)
၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ (ကွက်လပ်ဖြည့်တဲ့အမေ)

### ညနေပိုင်း

၁၆:၁၀ ရာသီခါမီတေးပန်းချီ
(၁) မိုးသံတွေအောက်မှာ (ဗလ)
(၂) မိုးဒေဝါ (အိဖြူ)
(၃) မိုးသက်လေနှင် (မန္တလေးသိန်းဇော်)
၁၇:၃၀ အဘိုးအဘွားအလေးထားကဏ္ဍ (အငြိမ့်မင်းသမီးကြီး ရွှေလိပ်ပြာဒေါ်အေးကြည်နှင့် တွေ့ဆုံဆွေးနွေးခန်း)
၁၇:၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈:၂၅ ကျေးလက်ဇာတ်လမ်း (ဝင်ငွေတိုးဖို့ မှိုကျွေးစို့)
၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (အသီးအရွက်စားသုံးခြင်း)
၁၉:၁၅ ကာလပေါ်တူရိယာအဖွဲ့ (ဂီတကြယ်စင် ကာလပေါ်အဖွဲ့)
၂၀:၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ငယ်ပေါင်း (ခင်မောင်ကြီး)
(၂) မောင့်ထံသို့ (လေး)
(၃) ကိုယ့်ချစ်သူနဲ့ဆိုရင်သာ (ကိုချစ်မြိုင်)



# တွံတေး၌ မိုးရာသီ စပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**တွံတေး ဇူလိုင် ၂၀**

မိုးရာသီ စပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင်၁၄ရက် နံနက် ၇နာရီက တွံတေးမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် မြို့နယ်ဆေးရုံကြီးတို့တွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မြို့ပေါ်ရှိ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျောင်းသူ ကျောင်းသားများနှင့် ပြည်သူများက မိုးရာသီစပေါင်းသစ်ပင်စိုက်ပျိုးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ မိုးရာသီစပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပရာသို့ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်စံသာ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တက်ရောက်အားပေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ပေးအပ်လှူဒါန်း



ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးကုတ် ဝိပဿနာအဖွဲ့ချုပ် အဆောင်မှူး ဆရာတော်ဘဒ္ဒန္တပညာလင်္ကာရဦးစီး တည်ထောင်သော ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင် အမှတ်(၃) လမ်းဆုံအနီး စန္ဒာရုံကျောင်း ဝိပဿနာ ဓမ္မရိပ်သာ ယောဂီဆောင် တစ်ခန်းအတွက် လှိုင်မြို့နယ် ကန်လမ်းအမှတ်(၁၆/က)နေ ဒေါ်ခင်သန်းမြင့်မိသားစုက အလှူငွေကျပ် သိန်း၂၀ကို ဆရာတော် ဘဒ္ဒန္တပညာလင်္ကာရ ရှေ့မှောက်၌ ပေးအပ်လှူဒါန်းရာ ကျောင်းရိပ်သာ အကျိုးဆောင် ဦးမြင့်သူက လက်ခံယူစဉ်။ (က-ပ)



## မဉ္ဇူသကလမ်း ကတ္တရာခင်း

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော မဉ္ဇူသကလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးသက်အောင်နှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

## ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်း၊ ကာလဒါနအလှူပါဝင်လှူဒါန်းနိုင်

လူမျိုးဘာသာဆင်းရဲချမ်းသာမရွေး နာမကျန်းသူတို့အား အကောင်းဆုံးသော ဆုလာဘ်ဖြစ်သည့် ကျန်းမာခြင်းကို ပေးအပ်နိုင်ရန် ဖွင့်လှစ်အပ်သော ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်း၏ မျက်စိအထူးကု အလင်းဒါန (မျက်မှန်အပါအဝင်) ၊ ဆေးကုသဆောင်သုံးထပ်တိုးမြှင့်ခြင်းနှင့် ဓာတ်ခွဲခန်း၊ဓာတ်မှန်ခန်းအလှူတို့အတွက် ဆေးနှင့်အလှူတော်ငွေများ ပါဝင်လှူဒါန်းနိုင်ကြပါရန် နိုးဆော်အပ်ပါသည်။
**ဆက်သွယ်လှူဒါန်းနိုင်သောဌာန - ရွှေပြည်ဟိန်းကျောင်း**၊ ကျိုက္ကဆံစူပါဝမ်း၊ တာမွေလေးသံလမ်းအနီး။ (ဖုန်း-၅၄၁၄၉၃)

## စစ်ကိုင်း-မင်းကွန်းကားလမ်း မြေဖို့ခြင်းလမ်းအလှူပါဝင်လှူဒါန်းနိုင်

စစ်ကိုင်းတောင်နှင့်မင်းကွန်း ဆက်သွယ်သည့် ကားလမ်းမ၏ရေကျော်အပိုင်းဖြစ်သော စစ်ကိုင်းတောင်အရှေ့ခြမ်း မြစ်ကမ်းလမ်း မြေဖို့ခြင်း လမ်းအလှူတော်အတွက် မြေတစ်ကျင်း (၄၀၀ဝိ/-) နှုန်းဖြင့် ပါဝင်လှူဒါန်းနိုင်ကြပါရန် နိုးဆော်အပ်ပါသည်။
**ဆက်သွယ်လှူဒါန်းနိုင်သောဌာနများ - ရွှေပြည်ဟိန်းကျောင်း**၊ ကျိုက္ကဆံစူပါဝမ်း၊ တာမွေလေးသံလမ်းအနီး။ (ဖုန်း-၅၄၁၄၉၃)
ရွှေကျောင်း၊စစ်ကိုင်းတောင်၊ဖုန်း-(၀၇၂)၂၁၅၁၀။ ဖိုးသကြားမိသားစု၊၃၂-လမ်း၊၈၅-လမ်း၊မလွန်ရပ်၊မန္တလေး။ဖုန်း-၃၈၄၉၀

## ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ စက္ကူထုပ်ပိုး ပစ္စည်းစက်ရုံတွင် အသုံးပြုရန်လိုအပ်သော Corrugating Medium Paper 140 GSM၊ Recycle Paper၊ Caustic Soda၊ Stitching Wire နှင့် ပုံနှိပ်မင်များအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၁၃-၈-၂၀၀၇ရက်ဖြစ်ပြီး တင်ဒါပေးသွင်းရမည့် အချက်အလက်များအား အသေးစိတ်သိလိုပါက ရောင်းဝယ်ရေးဌာနဖုန်းနံပါတ် ၀၁-၅၆၀၆၈၇ နှင့် ၀၆၇-၄၀၈၁၄၉ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း။**

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့ အထက(၁)၊ တက္ကသိုလ်ဝင်တန်း (D-7)မှ မောင်ဘရန်မိုင်၏ ဖခင်အမည်မှန်မှာ ဦးဆိုင်းလာ ၁/မကန(နိုင်) ၀၈၇၁၆၀ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မိုးကောင်းမြို့ အထက(၁) ပဉ္စမတန်း(ဃ)မှ မောင်နေလင်းထွန်း၏ ဖခင် အမည်မှန်မှာ ဦးကျော်စိန် ဖြစ်ပါကြောင်း။

## ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစက်ရုံမှ တည်ဆောက်လျက်ရှိသော စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်-

| အမှတ်စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | အရေအတွက် |
|---|---|---|---|
| ၁။ | 30 B.G (0.30mm)C.G.I Sheet 6'-0" x 2'-6" | Sheet | 3000 |
| ၂။ | 30 B.G (0.30mm)C.G.I Sheet 7'-0" x 2'-6" | Sheet | 10000 |
| ၃။ | 30 B.G (0.30mm)C.G.I Sheet 8'-0" x 2'-6" | Sheet | 3000 |
| ၄။ | 28 B.G (0.34mm)C.G.I Sheet 7'-0" x 2'-6" | Sheet | 10000 |
| ၅။ | 30 B.G (0.30mm)C.G.I Plain Sheet 8'x4' | Sheet | 3000 |
| ၆။ | 30 B.G (0.30mm)C.G.I Plain Sheet 8'x3' | Sheet | 1000 |
| ၇။ | 28 B.G (0.34mm)C.G.I Plain Sheet 8'x4' | Sheet | 3000 |
| ၈။ | 28 B.G (0.34mm)C.G.I Plain Sheet 8'x3' | Sheet | 3000 |
| ၉။ | 16 B.G (1.60mm)C.G.I Plain Sheet 8'x4' | Sheet | 3000 |
| ၁၀။ | Chain Link 5' | Roll | 1000 |

၂။ တင်ဒါပိတ်ရက်မှာ ၁၃-၈-၂၀၀၇ရက်ဖြစ်ပြီး တင်ဒါပေးသွင်းရမည့်အချက်အလက်များအား အသေးစိတ်သိလိုပါက ရောင်းဝယ်ရေးဌာန၊ ဖုန်းနံပါတ် ၀၁-၅၆၀၆၈၇နှင့် ၀၆၇-၄၀၈၁၄၉သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း။**

## အမွေပြတ်စွန့်လွှတ်ခြင်း

ဟိုပုံးမြို့ အရှေ့ရပ်ကွက် ရွှေဝတ်မှုံလမ်းနေ ဦးအိုက်ညွှာ(ခ)ဦးတင်ဝင်း၏ သားဖြစ်သူ မောင်ကျော်ရွှေ ၁၃/ဟပန(နိုင်)၀၃၂၄၅၆သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက်ပြုမူနေပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

**ဦးအိုက်ညွှာ(ခ)ဦးတင်ဝင်း။**

## ဖခင်အမည်မှန်

ဒိုက်ဦးမြို့ အထကမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသော မဟန်နီကြည်နူး၏ ဖခင်အမည်မှန်မှာ ဦးလှဝင်းဖြူ ၇/ဒဥန(နိုင်) ၀၀၉၁၀၄ ဖြစ်ပါသည်။

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၄၄၀၃၈ လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ရက်အတွင်း ကညန၊ (ခရိုင်ရုံး) ဗန်းမော်သို့လာရောက်ဆက်သွယ်ပါရန်။

**ကညန၊ (ခရိုင်ရုံး)ဗန်းမော်။**

## ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မုံရွာတက္ကသိုလ်တွင်အသုံးပြုရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| (က) | Lab Equipment(Such as glass ware, appratus, maps, Chemical etc.) | 1 Lot |
| (ခ) | ရုံးအသုံးအဆောင်ပရိဘောဂပစ္စည်း | 1 Lot |
| (ဂ) | ရုံးသုံးစက္ကူနှင့်စာရေးကိရိယာ | 1 Lot |

၂။ အဆိုပါချိပ်ပိတ်ဈေးနှုန်းလွှာများကို ၇-၈-၂၀၀၇ရက် ၁၅း၀၀နာရီ နောက်ဆုံးထား၍ မုံရွာတက္ကသိုလ် ချိပ်ပိတ်ဈေးနှုန်းလွှာ စိစစ်လက်ခံရေးအဖွဲ့ ရုံးခန်းသို့ အရောက်ပေးပို့တင်သွင်းရမည် ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို မုံရွာတက္ကသိုလ် စီမံ/ဘဏ္ဍာဌာန တယ်လီဖုန်းအမှတ် ၂၂၅၄၀သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့၊မုံရွာတက္ကသိုလ်။**

## ရောင်းရန်ကြော်ငြာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**

**ပြည်ခရိုင်တရားရုံး**

**၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်-၂၀**

| | | |
|---|---|---|
| မန်နေဂျာ<br>မြန်မာ့စီးပွားရေးဘဏ်<br>ပြည်မြို့။ | **နှင့်** | ၁။ ဒေါ်ကြည်ဝင်း<br>၂။ ဦးငွေအောင် |
| **တရားနိုင်** | | **တရားရှုံး** |

၂၀၀၂ ခုနှစ် တရားမကြီးမှုအမှတ် ၉ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းများကို ၂၀၀၇ခုနှစ် စက်တင်ဘာ ၁၀ ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီ အချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

### လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ပဲခူးတိုင်း (အနောက်ပိုင်း) သဲကုန်းမြို့ ရပ်ကွက်(၄)၊ အကွက်အမှတ် (၈၈၅-စီ)၊ ပေါက်တောကွင်း၊ ဦးပိုင်အမှတ်(၂၀၁)၊ မြေဧရိယာ ၀ ဒသမ ၁၂ ဧကရှိ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ (၂၄X၃၅)ပေ နှစ်ထပ်အိမ်။

### လေလံကြမ်းခင်းဈေးကျပ် ၂၅သိန်း ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ရစ်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်းရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ခုနှစ် ဇူလိုင် ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**ခင်မြင့်ချို**
**ဒုတိယခရိုင်တရားသူကြီး**
**ပြည်ခရိုင်တရားရုံး။**

## အများသိစေရန်ကြေညာခြင်း

ဦးကျော်ဝင်း (ဘ)ဦးအောင်မူး ၁၃/တကန(နိုင်)၀၆၂၇၆၄ က ၎င်းပိုင်အကွက်အမှတ်-၂၆ (ကန်အရှေ့ရပ်)၊ ဦးပိုင်အမှတ် (၁၂၃-က)၊ မြေကွက်အမှတ် (၁၆၅)၊ ဧရိယာ ၀ ဒသမ ၀၄၆ဧကေ အိမ်မြေဥပစာနှင့်ပတ်သက်၍ ဦးဝင်းနိုင် (ဘ) ဦးသန်းအောင် ဝိုင်အိတ်ချ်အီး-၀၀၁၃၃၃ အား ၂-၅-၂၀၀၇ ရက်တွင် လွှဲအပ်ထားသည့် မှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၄/၂၀၀၇ အား နှစ်ဦးသဘောတူ ယနေ့မှစ၍ ခြွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်နန်းဖစ်မွန်း(ဥပဒေဘွဲ့) အထက်တန်းရှေ့နေ။**

## အမည်မှန်

ဦးဝင်းညွန့်၏သား ဆလိုင်းထွန်းလင်းအောင် ၁၂/ဒဂရ(နိုင်) ၀၁၀၉၃၅အား ယနေ့မှစ၍ မောင်ထွန်းလင်းအောင်(ခ) ဆလိုင်းထွန်းလင်းအောင်ဟု ခေါ်ပါရန်။







## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၇၂၁၄ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်းထွန်း မှတ်ပုံတင်အမှတ် ၁/မကတ(နိုင်) ၀၆၃၂၀၄က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊(ပြည်နယ်ရုံး) မြစ်ကြီးနားမြို့။**

## ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**

**ရန်ကုန်တိုင်းတရားရုံးတော်၌**

**၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် - ၃၃၈၈**

**၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ် - ၁၂၂**

| | | |
|---|---|---|
| မြန်မာယူနီဗာဆယ်ဘဏ်လီမိတက်<br>(၎င်းကိုယ်စား ဒေါ်စန်းစန်းငွေ၊<br>လ/ထ မန်နေဂျာ) | **နှင့်** | ဦးခင်မောင်ဝင်း<br>အမှတ်-၃၈၀/ ၄ လွှာ(ယာ)<br>အောက်ပုဇွန်တောင်လမ်းမကြီး<br>(မဟာဗန္ဓုလတံတားအနီး)<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

အထက်အမည်ပါ တရားရှုံး ဦးခင်မောင်ဝင်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ်-၃၃၈၈ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၀၇ခုနှစ် ဩဂုတ်လ ၂ရက် (၁၃၆၉ခုနှစ် ဒုတိယဝါဆို လပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၀၇ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ဦးလှအေး**
**တွဲဖက်တိုင်းတရားသူကြီး(၁၃)**
**ရန်ကုန်တိုင်းတရားရုံး။**

# အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ညီလာခံဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းပွဲ တက်ရောက် အလှူငွေများလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်

ရန်ကုန် ဇူလိုင် ၂၅

**အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီရုံး ဧည့်ခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အလှူငွေများကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။**



**အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းကြသော အလှူရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

## တက်ရောက်

အဆိုပါအခမ်းအနားသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော တရားသူကြီးချုပ် ဦးအောင်တိုးနှင့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အမျိုးသားညီလာခံ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များမှ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဗိုလ်မှူးကြီးဝင်းနောင်က ဆောင်ရွက်သည်။ ***စာမျက်နှာ ၈ ကော်လံ ၁*** ✻

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရေနုတ်မြောင်းတူးဖော်မှု ကြည့်ရှုစစ်ဆေး မြောင်းများမပိတ်ဆို့စေရေး တာဝန်ရှိသူအဆင့်ဆင့် စစ်ဆေးကြပ်မတ် အမှိုက်စွန့်ပစ်သူများအား ဖော်ထုတ်အရေးယူဆောင်ရွက်ရန် မှာကြား

**ရန်ကုန် ဇူလိုင် ၂၅**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မြစ်ထွက်ပေါက် ရေနုတ်မြောင်းများအား ရေစီးရေလာကောင်းမွန်ရေးအတွက် အမှိုက်သရိုက်နှင့် နုန်းများ တူးဖော်ဆယ်ယူ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။ ***စာမျက်နှာ ၉ ကော်လံ ၁*** ■

# အထွေထွေပြဌာန်းချက်များအခန်းနှင့် စပ်လျဉ်းသည့် ကောက်နုတ်စုစည်းချက်များ

ရန်ကုန် ဇူလိုင် ၂၅

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၇ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများနှင့်စပ်လျဉ်း၍ အလုပ်ကျသဘာပတိအဖွဲ့ဝင်များ၏ အထွေထွေပြဋ္ဌာန်းချက်များအခန်းနှင့် စပ်လျဉ်းသည့် ကောက်နုတ်စုစည်းချက်များကို အတွင်းစာမျက်နှာ ၅၊ ၆ နှင့် ၇ တို့တွင် ဖတ်ရှုနိုင်ပါသည်။** (သတင်းစဉ်)

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကမာရွတ်မြို့နယ်နှင့် လှိုင်မြို့နယ်ကြား ဘုရင့်နောင်လမ်းရှိ ရွာမချောင်း ရေနုတ်မြောင်းအတွင်း အမှိုက်သရိုက်နှင့် နုန်းများတူးဖော်ဆယ်ယူနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)





26-7 (20) 1 7/26/07, 1:33 AM